# မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်၊ ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာ ၂၁ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၆)၊ အမှတ် (၅၂)


## အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အစည်းအဝေး (၁၇/၂၀၀၆) ကျင်းပ

# အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် အောင်မြင်စွာဆောင်ရွက်နိုင် ညီလာခံကိုယ်စားလှယ်များအနေဖြင့် မြန်မာနိုင်ငံ၏ အမျိုးသားရေးတာဝန်ကြီးအဖြစ်ခံယူပြီး စိတ်အားထက်သန်စွာ၊ အသိစိတ်ဓာတ်ရှိစွာ၊ ဂုဏ်ယူစွာ ဆောင်ရွက်နေခြင်းကြောင့်ဖြစ်



**ရန်ကုန် နိုဝင်ဘာ ၂၀**

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်အစည်းအဝေး(၁၇/၂၀၀၆)ကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း အနော်ရထာရိပ်သာရှိ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

**တက်ရောက်**

အဆိုပါအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော တရားသူကြီးချုပ် ဦးအောင်တိုးနှင့် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ●





အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အစည်းအဝေး (၁၇/၂၀၀၆)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်

**အမျိုးသားညီလာခံနှင့်စပ်လျဉ်း၍ ယခုရရှိထားသောအခြေအနေကောင်းများကို အမျိုးသားညီလာခံကြီး အောင်မြင် ပြီးမြောက်သည်အထိ ဆက်လက် ထိန်းသိမ်း၊ အရှိန်အဟုန် မပျက် ဆက်လက်ဆောင်ရွက်။**

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

21-11 (01) 1 11/21/06, 1:29 PM

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်)

# နိုင်ငံတော်နှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်မှုများ သိသာထင်ရှားစွာပေါ်ထွန်း

နိုင်ငံတော်အစိုးရက ကျေးလက်ဒေသနေပြည်သူများ၏ လူနေမှုဘဝ မြင့်မားလာစေရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက် ရှိသည်။

နိုင်ငံတစ်ဝန်းရှိ ကျေးလက်ဒေသများ၌ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေး တိုးတက်ကောင်းမွန်စေရန် အခြေခံအဆောက်အအုံများကို တိုးမြှင့်တည်ဆောက်ပေးနေသည်။ ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံကျသည့် လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်စေရန် ကျေးရွာချင်းဆက်လမ်းများ၊ ကျေးလက်နှင့်မြို့ပြဆက်သွယ်သည့် လမ်းများ၊ မြစ်ကူးချောင်းကူးတံတားများကို ဒေသအလိုက် ဖောက်လုပ်တည်ဆောက်ပေးလျက် ရှိသည်။

ဒေသအလိုက် အခြေခံပညာ ကျောင်းဆောင်သစ်များ၊ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းများ၊ ကျေးလက်အိမ်ရာနှင့် ကျေးရွာလျှပ်စစ်မီးလင်းရေး လုပ်ငန်းများကိုပါ တည်ဆောက်ဖြည့်ဆည်းပေးနေသည်။

ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး လုပ်ငန်းများကိုလည်း နိုင်ငံတစ်ဝန်း၌ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးလျက်ရှိရာ အပူပိုင်းဒေသတိုင်းသုံးတိုင်းဖြစ်သော စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ ကျေးရွာခုနစ်ထောင်ကျော်၌ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိနေကြပြီ ဖြစ်သည်။ အခြားပြည်နယ်နှင့်တိုင်းအသီးသီးရှိ ကျေးရွာပေါင်း ရှစ်ထောင်ကျော်တွင်လည်း သန့်ရှင်းသောသောက်သုံးရေ ရရှိသုံးစွဲနိုင်ကြပြီ ဖြစ်သည်။

ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့ ရေပေးဝေရေးလုပ်ငန်းဖွင့်ပွဲ၊ ဒေးဒနောစံပြကျေးရွာ ဘိုးဘွားရိပ်သာဖွင့်ပွဲနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံ မြေနေရာ လွှဲပြောင်းပေးအပ်လှူဒါန်းပွဲ အခမ်းအနားများကို နိုဝင်ဘာလ၁၉ရက်နေ့က ကျင်းပခဲ့သည်။

မြို့ရေပေးဝေရေး စီမံကိန်းအတွက် စွမ်းအင်ဝန်ကြီးဌာနက ငွေကျပ် ၆၄သိန်း၊ China Focus Development Limitedမှ ငွေကျပ် သိန်း၇၅၀နှင့် မြို့နေပြည်သူများ စုပေါင်းထည့်ဝင်ငွေကျပ် သိန်း၂၅၀တို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

နိုင်ငံတော်က ကွမ်းခြံကုန်းမြို့နယ် သာယာလှပရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှု မြန်ဆန်ချောမွေ့စေရေးနှင့် စီးပွားရေးအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ဆောင်ရွက်ပေးနေသည်။

ကွမ်းခြံကုန်းမြို့နယ်အပါအဝင် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် ဒေသခံပြည်သူတို့ ပူးပေါင်းဆောင်ရွက်နိုင်မှုကြောင့် ယခုအခါ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျေးရွာရေရရှိရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ သိသာထင်ရှားစွာ ပေါ်ထွန်းလာပြီဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ တပ်ကုန်းမြို့နယ်အခြေခံပညာ မူလတန်းကျောင်း ၁၀ကျောင်းအတွက် ပညာရေးအထောက်အကူပြု စာသင်ခုံများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

# တပ်ကုန်း၌ ပညာရေးထောက်ကူပြု စာသင်ခုံများလှူဒါန်း ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ တက်ရောက်ချီးမြှင့်

နေပြည်တော် နိုဝင်ဘာ ၂၀

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ယမန်နေ့မွန်းလွဲပိုင်းက တပ်ကုန်းမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျင်းပသည့် ပညာရေးအထောက်အကူပြု စာသင်ခုံများလှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။**

### အမှာစကားပြောကြား

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အမှာစကား ပြောကြားသည်။

### လွှဲပြောင်းပေးအပ်

ထို့နောက် ပျဉ်းမနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဌေးက မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဖေအုံ့မောင်ထံ စာသင်ခုံနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းကို လွှဲပြောင်းပေးအပ်သည်။

### ပေးအပ်လှူဒါန်း

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ တပ်ကုန်းမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးတို့က အခြေခံပညာ မူလတန်းကျောင်း ၁၀ ကျောင်းအတွက် ပညာရေး အထောက်အကူပြုစာသင်ခုံအစုံ၇၀ကို ကျောင်းအုပ်ကြီးများထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ရွာသစ်အခြေခံပညာ မူလတန်းကျောင်း ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်မာဆွေက ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

**၂၁-၁၁-၂၀၀၆**

**(အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၂၀ | ၃။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၄။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၀ | ၅။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈း၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၉။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | လက်စွမ်းပြပဟန်ဂီတသံ |
| ၄း၁၅ | ၄။ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၄း၃၅ | ၅။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၄း၅၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၅း၂၅ | ၇။ | ပညာခေတ် |
| ၅း၄၀ | ၈။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၀။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၁။ | မိုးလေဝသသတင်း |
| ၆း၃၀ | ၁၂။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆း၄၀ | ၁၃။ | လျှပ်တစ်ပြက် |
| ၇း၀၀ | ၁၄။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "လွမ်းမပြေ" (အပိုင်း-၂၀) |
| ၈း၀၀ | ၁၅။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၇။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၁၈။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဘက်မတူတဲ့တက်လူ" (အပိုင်း-၂၂) |

# စက်မှုလက်မှုသိပ္ပံ(မော်လမြိုင်) ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၀**

စက်မှုလက်မှုသိပ္ပံ(မော်လမြိုင်)၌ ပညာဆည်းပူးခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများက ဒီဇင်ဘာ ၁၀ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ မော်လမြိုင်ဓမ္မာရုံ(ရွှေတိဂုံဘုရား အနောက်ဘက်မုခ်)၌ ပထမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည် ဖြစ်သည်။

အာစရိယပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ကိုမောင်မောင် ဖုန်း-၀၉-၅၁၄၉၉၉၀၊ ကိုရွှေဝင်း ဖုန်း- ၀၉-၅၁၁၀၇၅၈၊ ကိုမိုးဆန်း ဖုန်း-၀၉-၅၁၄၁၃၅၂၊ ကိုစိုးမြင့်သိန်း ဖုန်း- ၀၅၆-၂၁၄၄၃၊ ကိုသက်ခိုင် ဖုန်း-၅၇၇၆၃၂၊ ကိုနေလင်း ဖုန်း- ၀၉၉၉၂၆၈၆၂နှင့် ကိုဇော်နိုင်ဝင်း ဖုန်း-၀၉-၅၁၆၈၈၆၂တို့သို့ ဆက်သွယ်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။

**(က-ပ)**



**အမှတ် ၁၃/၅၄ ဇေယျာသုခလမ်း သုဝဏ္ဏမြို့နေ ဦးခင်မောင်ဦး (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)-ဒေါ်သန်းသန်းစော၊ သမီး ဒေါက်တာမြတ်မြတ်ဦး၊ သား ကိုကျော်ထင်ဦး မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ တိုးချဲ့ဆေးရုံ အဆောက်အအုံအတွက် အလှူငွေကျပ်သုံးသိန်းလေးသောင်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်ဦးသန်းထွန်း လက်ခံယူစဉ်။**

(က-ပ)

# မင်္ဂလာတောင်ညွန့်အထက(၃) အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၀**

အထက(၃) မင်္ဂလာတောင်ညွန့် (စိန့်ဂျိုးဇက်ကွန်ဗင့်) ကျောင်းသူဟောင်းများ၏ (၂၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၇ခုနှစ် ဇန်နဝါရီ ၄ရက် (လွတ်လပ်ရေးနေ့) နံနက် ၉နာရီတွင် ယင်းကျောင်း ယုဇနခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဒေါ်ရှုကြည် ဖုန်း-၅၄၄၈၂၈၊ ဒေါ်မီမီအေးဖေ ဖုန်း-၅၄၅၄၄၁၊ ဒေါ်ခင်မမဌေး ဖုန်း-၂၄၂၆၄၄၊ ဒေါ်ခင်အေးလွင် ဖုန်း-၂၅၄၉၈၅နှင့် ဒေါ်ခင်အေးသစ် ဖုန်း-၂၄၆၀၁၁၊ ဒေါ်တင်တင်ရီ ဖုန်း-၃၉၄၉၅၇နှင့် ဒေါ်ညွန့်ညွန့်ရီ ဖုန်း- ၃၇၅၂၁၃ တို့သို့ ကြိုတင်ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# အမျိုးသားညီလာခံကျင်းပရေးကော်မရှင်သို့ တင်ပြသည့် စာတမ်းများ လေ့လာဆွေးနွေး

● ရှေ့ဖုံးမှ

အစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

### လေ့လာတွေ့ရှိချက်များ

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင် ယခုကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံ၌ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်မည့် ကျန်အခန်းခေါင်းစဉ်ခုနစ်ခန်းဖြစ်သော ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များအခန်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း အခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်အခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့နှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ လေ့လာတွေ့ရှိချက်များကို အမျိုးသားညီလာခံ စုံညီအစည်းအဝေးများ၌ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ကြောင်း။

ယခုအခါ ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့်အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့နှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့(၈)ဖွဲ့တို့က အကြံပြုချက်စာတမ်းများကို အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီသို့ တင်ပြထားကြပြီးဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါ အခန်းသုံးခန်းနှင့်စပ်လျဉ်းသည့် ကိုယ်စားလှယ်အစုအဖွဲ့(၈)ဖွဲ့တို့က ယင်းတို့၏ အကြံပြုတင်ပြချက်စာတမ်းများကို ဖတ်ကြားတင်ပြနိုင်ရန်အတွက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးများကို မကြာမီအချိန်အတွင်း ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

### အကြံပြုချက်စာတမ်းများ

ထို့အတူ ကျန်အခန်းခေါင်းစဉ် လေးခုဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေ ပြဋ္ဌာန်းချက်များအခန်းတို့နှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့(၈)ဖွဲ့တို့၏ အကြံပြုချက်စာတမ်းများရေးသားပြုစုပြီးပါကလည်း အမျိုးသားညီလာခံ စုံညီအစည်းအဝေးများကျင်းပကာ အဆိုပါအကြံပြုချက်စာတမ်းများကို အသီးသီးဖတ်ကြား တင်ပြသွားကြမည်ဖြစ်ကြောင်း။

၂၀၀၆ခုနှစ် အောက်တိုဘာ၁၀ရက်နေ့မှစ၍ စတင်ကျင်းပခဲ့သည့် အမျိုးသားညီလာခံတွင် ဆောင်ရွက်ပြီးစီးခဲ့သော လုပ်ငန်းများကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုပါက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအပိုင်း၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံက ချမှတ်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ကျန်အခန်းခေါင်းစဉ်ခုနစ်ခန်းအတွက် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ လေ့လာတွေ့ရှိချက်များအားလုံးကိုလည်း အမျိုးသားညီလာခံစုံအစည်းအဝေးများ၌ ရှင်းလင်းပြောကြားခဲ့ပြီး ညီလာခံကိုယ်စားလှယ်အစုအဖွဲ့လိုက် ဆွေးနွေးချက်စာတမ်းများပြုစု၍ လုပ်ငန်းကော်မတီသို့ ပြန်လည်တင်ပြလျက်ရှိကြကြောင်း၊ သို့ဖြစ်ရာ မိမိတို့၏အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းများသည် အရှိန်အဟုန်ဖြင့် အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်သည့် အနေအထားဖြစ်သည်ဟု ပြောကြားလိုကြောင်း။

### စိတ်အားထက်သန်

ယင်းသို့ အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်ခြင်းမှာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့က မိမိတို့၏ တာဝန်ဝတ္တရားများကို ကျေပွန်စွာဆောင်ရွက်ခြင်း၊ တစ်ဖက်ကလည်း အမျိုးသားညီလာခံကိုယ်စားလှယ်များအနေဖြင့် အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပဆောင်ရွက်နိုင်ရေးသည် ယနေ့မြန်မာနိုင်ငံ၏ အမျိုးသားရေးတာဝန်ကြီးဖြစ်သည်ဟုခံယူပြီး ယင်းတို့၏ အမျိုးသားညီလာခံနှင့်စပ်လျဉ်းသည့် ဆောင်ရွက်ရမည့်အပိုင်းကို စိတ်အားထက်သန်စွာ၊ အသိစိတ်ဓာတ်ရှိစွာ၊ ဂုဏ်ယူစွာဖြင့် ဆောင်ရွက်နေခြင်းတို့ ကြောင့်ပင်ဖြစ်ကြောင်း။

### အရှိန်အဟုန်မပျက်

သို့ဖြစ်ရာ အမျိုးသားညီလာခံနှင့်စပ်လျဉ်း၍ ယခုရရှိထားသော အခြေအနေကောင်းများကို အမျိုးသားညီလာခံကြီး အောင်မြင်ပြီးမြောက်သည်အထိ ဆက်လက်ထိန်းသိမ်းရေး၊ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ရေးတို့ကို အမြဲဂရုပြုလျက်ဆောင်ရွက်ရန်သွားကြရန်လိုကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

### ဆွေးနွေးညှိနှိုင်း

ယင်းနောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်အဖွဲ့ဝင်များက အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်သို့ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက တင်ပြသည့် စာတမ်းများကို လေ့လာဆွေးနွေးကြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးများသို့ ဆက်လက်တင်ပြသွားရန်ရှိသည့် ကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းကြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင်များက အမျိုးသားညီလာခံကြီးအောင်မြင်စွာ ကျင်းပဆောင်ရွက်ရေးအတွက် အကြံပြုတင်ပြဆွေးနွေးကြသည်။

### ဖြည့်စွက်ဆွေးနွေးမှာကြား

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားပြီး အစည်းအဝေးကို နံနက် ၁၁နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

---

**အမှာစကား ပြောကြား**

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ (၆)၌ ကျင်းပရာ အလှည့်ကျ သဘာပတိ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနမှ ဦးလှမြင့် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)






---

## ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ထမ်းများ မမှန်မကန်ဆောင်ရွက်ပါက တိုင်ကြားနိုင်

**နေပြည်တော် နိုဝင်ဘာ ၂၀**

ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး ယုံကြည်အားထားသော သန့်ရှင်းသည့်အုပ်ချုပ်မှုယန္တရားဖြစ်ပေါ်စေရန် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် ဝန်ကြီးဌာနအောက်ရှိ ဌာန၊အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုကို ရည်မှန်းချက်များ ချမှတ်လျက် တိကျမှန်ကန်စေရေးအတွက် ဥပဒေ၊စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိသည်။

### မေးမြန်းစုံစမ်းနိုင်

ဤသို့ ဆောင်ရွက်ပေးလျက်ရှိရာတွင် ဘဏ္ဍာလုပ်ငန်းနှင့်ငွေရေးကြေးရေးဆိုင်ရာကိစ္စများနှင့် ဆက်စပ်၍ လည်းကောင်း၊ အခွန်ဆိုင်ရာကိစ္စများနှင့် ဆက်စပ်၍လည်းကောင်း အခြားသိလိုသည့် အချက်အလက်များရှိပါက သက်ဆိုင်ရာဌာန၊အဖွဲ့အစည်းများ၌ ပွင့်လင်းစွာ မေးမြန်းစုံစမ်းနိုင်သည်။

လုပ်ငန်းဆောင်ရွက်မှုများတွင် ဝန်ထမ်းများ၏ မမှန်မကန်ဆောင်ရွက်မှုကြောင့် အခက်အခဲပေါ်ပေါက်လျှင်သော်လည်းကောင်း၊ လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုပြီး နိုင်ထက်စီးနင်းပြုကျင့်ခြင်း၊ တရားမဝင်ငွေကြေး၊ တံစိုးလက်ဆောင် တစ်စုံတစ်ရာတောင်းခံ၊ ပေးကမ်းရခြင်းများရှိလျှင်သော်လည်းကောင်း၊ ကျေနပ်မှုမရှိလျှင်သော်လည်းကောင်း ဖော်ပြပါလိပ်စာနှင့် ဖုန်းနံပါတ်များသို့ ဆက်သွယ်တိုင်ကြားနိုင်သည်။

ယင်းတို့မှာ ဝန်ကြီး ဖုန်း–၀၆၇–၄၁၀၀၅၅၊ ဖက်စ်–၀၆၇–၄၁၀၁၉၄၊ ဒုတိယဝန်ကြီး ဖုန်း–၀၆၇–၄၁၀၀၄၂၊ ဖက်စ်–၀၆၇–၄၁၀၁၈၂၊ ရုံးအဖွဲ့မှူး ဖုန်း–၀၆၇–၄၁၀၀၄၆၊ ဖက်စ်–၀၆၇–၄၁၀၁၈၉ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရုံး အမှတ်(၂၆) နေပြည်တော် e-mail address ፡ mofnr @ mptmail.net. mm တို့ဖြစ်သည်။

### ထိရောက်မြန်ဆန်

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအနေဖြင့် အများပြည်သူများ၏ စည်းကမ်းနှင့်အညီ တိုင်ကြားချက်များကို တရားမျှတမှုရှိစေရေးအတွက် ဥပဒေနှင့်အညီ ထိရောက်မြန်ဆန်စွာ အရေးယူဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

## အမျိုးသားညီလာခံ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၀

**အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့ဖြစ်သည့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ(၆)၌ကျင်းပရာ အစုအဖွဲ့ သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။**

### သဘာပတိ

အစည်းအဝေးတွင် အလှည့်ကျ သဘာပတိအဖြစ် ရထားပို့ဆောင်ရေး ဝန်ကြီးဌာနမှ ဦးလှမြင့်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ရုပ်ရှင်ဒါရိုက်တာဦးခင်ဇော်နှင့် မြန်မာနိုင်ငံ နည်းပညာပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဦးသိန်းဦးဘိုးစောတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူး အဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး လုပ်ငန်းအဖွဲ့ (၈)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးငြိမ်းမြင့်တို့က ဆောင်ရွက်ကြသည်။

### အစည်းအဝေးအထမြောက်

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားညီလာခံ ကိုယ်စားလှယ် ၅၆ ဦးအနက် ၅၁ ဦးတို့ တက်ရောက်ကြသဖြင့် ရာခိုင်နှုန်းအားဖြင့် ၉၁ဒသမ၀၇ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကြောင်း ကြေညာသည်။

### အမှာစကားပြော

ယင်းနောက် အလှည့်ကျသဘာပတိ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဦးလှမြင့်ကအဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့်ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြမည့် အကြံပြုချက်စာတမ်းကို အလှည့်ကျ သဘာပတိက အတည်ပြုချက်ရယူသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ခြင်း အခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို အလှည့်ကျသဘာပတိက ပြန်လည် ရှင်းလင်းတင်ပြသည်။

ထို့နောက် အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့မှ တင်ပြမည့် အကြံပြုချက်စာတမ်းပြုစုရန် စာတမ်းပြုစုရေးအဖွဲ့များ ဖွဲ့စည်းကြပြီး အလှည့်ကျ သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို နံနက်၉နာရီ၃၅မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

---

## မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် လက်ထောက်မန်နေဂျာများ လုပ်ငန်းခွင်ဝင်သင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၀**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)က ကြီးမှူး၍ လက်ထောက်မန်နေဂျာများ လုပ်ငန်းခွင်ဝင် သင်တန်းအမှတ်စဉ်(၁/၂၀၀၆)ဖွင့်ပွဲကို ယနေ့နံနက် ၁၀နာရီက ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်) အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

### တက်ရောက်

အဆိုပါသင်တန်းသို့ လက်ထောက်မန်နေဂျာ ၁၅ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီး၌ တူးဖော်တွေ့ရှိရသော ရှေးဟောင်းယဉ်ကျေးမှု ဗိသုကာလက်ရာပစ္စည်းများကို နိုဝင်ဘာ၁၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ပြီးပြည့်စုံသာယာပျော်ရွှင်ဖွယ် ကမ္ဘာကြီးတည်ဆောက်ရေး အေပက်ခေါင်းဆောင်များအား ဟူကျင်တောင် တိုက်တွန်း

ဟနွိုင်း နိုဝင်ဘာ ၂၀

**နိုင်မြဲသောငြိမ်းချမ်းရေး၊ အများပြည်သူချမ်းသာကြွယ်ဝရေးနှင့် ပြီးပြည့်စုံသည့်သာယာနာပျော်ဖွယ်ကမ္ဘာကြီး တည်ဆောက်ရာတွင် ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းကြရန် တရုတ်သမ္မတဟူကျင်တောင်က အေပက်ခေါင်းဆောင်များအား နိုဝင်ဘာ၁၇ရက်က တိုက်တွန်းလိုက်သည်။**

နိုင်ငံရေးနယ်ပယ်တွင် သာယာနာပျော်ဖွယ် အတူတကွ နေထိုင်ရေး၊ စီးပွားရေးနယ်ပယ်တွင် တန်းတူဖွံ့ဖြိုးတိုးတက်ရေး၊ ယဉ်ကျေးမှုနယ်ပယ်တွင် အပြန်အလှန် အသိအမှတ်ပြု မြှင့်တင်ပေးရေး၊ လုံခြုံရေးနယ်ပယ်တွင် အပြန်အလှန် ယုံကြည်ပြီး ပူးတွဲ ဆောင်ရွက်ရေးတို့အတွက် တရုတ်နိုင်ငံသည် အခြားသောနိုင်ငံများနှင့် လက်တွဲ လုပ်ဆောင်သွားမည် ဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ ဟနွိုင်း မြို့တော်၌ ကျင်းပသည့် အေပက်အဖွဲ့ စီအီးအို ထိပ်သီး အစည်းအဝေးတွင် သမ္မတ ဟူကျင်တောင်က ပြောကြားသည်။

**အကျိုးပြု**

ထိုသို့လုပ်ဆောင်ခြင်းဖြင့် လူသား၏ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး မွန်မြတ်သည့်အရေးကို မိမိတို့ ဆက်လက်အကျိုးပြုနိုင်ကြောင်း ၎င်းက ထည့်သွင်း ပြောကြားလိုက်သည်။

**ကွာဟမှု**

ဤအတောအတွင်းတွင် တရုတ်နိုင်ငံ၏ လူဦးရေများပြားမှု၊ စီးပွားရေး အခြေခံချည့်နဲ့မှုနှင့် ဒေသများအကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟမှုတို့ကြောင့် ဖြစ်သည်။

တရုတ်နိုင်ငံအနေဖြင့်ကြီးမားသော ပြဿနာများနှင့်စိန်ခေါ်မှုများကို ရင်ဆိုင်နေရဆဲဖြစ်ကြောင်း သမ္မတ ဟူကျင်တောင်က ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## အာဖဂန်၌ရေလွှမ်း

**ကဘူး နိုဝင်ဘာ ၂၀**

အာဖဂန်နစ္စတန်အနောက်ပိုင်းတွင် နိုဝင်ဘာ ၁၆ရက်က ရေလွှမ်းမှုဖြစ်ပွားရာ ဒေသခံပြည်သူ ၄၇ဦးထက်မနည်းသေဆုံးပြီးလူ၅၀ပျောက်ဆုံးလျက်ရှိကြောင်းအာဖဂန်နစ္စတန်နိုင်ငံကျန်းမာရေးဝန်ကြီး မိုဟာမက်အာမင်ဖာတီမီက နိုဝင်ဘာ၁၇ ရက်၌ ပြောကြားသည်။

ရေလွှမ်းမှုဒဏ် အများဆုံးခံစားရသည့်ဒေသမှာ ဘာလာမူရာဟတ် ခရိုင်ဖြစ်ပြီး နေအိမ်ရာပေါင်းများစွာ ရေနစ်မြုပ် ပျက်စီးခဲ့ကြောင်း၊ ရေလွှမ်းမှုမှာ နေ့စဉ်ရက်ဆက် မိုးသည်းထန်စွာ ရွာသွန်းခဲ့ခြင်းကြောင့် ဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

သို့ရာတွင် ဆိုးရွားစွာ ပျက်စီးသွားသည့်နေအိမ်မှာ ဒါဇင်အနည်းငယ်သာဖြစ်ကြောင်း၊ယခုအခါ အဆိုပါဒေသ၏ ကျန်းမာရေးဌာနအဆောက်အအုံလည်း ရေလွှမ်းမှုဒဏ်ခံရကြောင်း ဖာတီမီက ပြောကြားသည်။

ရေဘေးဒုက္ခ ကြုံတွေ့နေရသူများအားရဟတ်ယာဉ်များဖြင့်ကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်ပေးနေကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**




## သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် အမေရိကန်၌ နှစ်ရက်အတွင်း ခြောက်ဦးသေဆုံး

ဝါရှင်တန် နိုဝင်ဘာ ၂၀

**အမေရိကန် ပြည်ထောင်စုတွင် လွန်ခဲ့သောနှစ်ရက်ကျော်က သီးခြားစီဖြစ်သော နေရာနှစ်ခု၌ သေနတ်ဖြင့် ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ရာ လူခြောက်ဦး သေဆုံးခဲ့ကြောင်း အမေရိကန်မီဒီယာက နိုဝင်ဘာ၁၇ရက်၌ ဖော်ပြသည်။**

မစ်ဆိုရီပြည်နယ် ကင်ဆက်မြို့၌ အမျိုးသမီးတစ်ဦးနှင့် ၎င်း၏ သူငယ်ချင်း သုံးဦးသည် နိုဝင်ဘာ၁၇ရက် နံနက်ပိုင်းက ယင်း၏နေအိမ်၌ သေနတ်ဖြင့် ပစ်ခတ်ခံရပြီး သေဆုံးခဲ့ကြောင်း၊ ယင်းမှုခင်းဖြစ်စဉ်သည် မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်နေကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အထက်ပါ လူသတ်မှုတွင် အမျိုးသားနှစ်ဦးပါဝင်ပတ်သက်နေပြီးယင်းတို့မှာအသက် ၂၀အရွယ်နှင့်အသက် ၃၀ ဝန်းကျင်ရှိသူများဖြစ်မည်ဟု ယုံကြည်ရကြောင်း ရဲအဖွဲ့က ပြောကြားသည်။

အခြားမှုခင်းဖြစ်ရာဒေသမှာ မာရီလင်းပြည်နယ်ဘာတီမိုးမြို့အနီးမှပန်းခြံကြီးတစ်ခုအတွင်း၌ ဖြစ်သည်။ နိုဝင်ဘာ၁၆ရက်က လူနှစ်ဦး ပစ်ခတ်ခံရပြီး ယင်းပန်းခြံ၌ သေဆုံးလျက်တွေ့ရသည်ဟု ဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## အင်ဒိုနီးရှား၌ တွင်အော်တာလေယာဉ်ပျက်ကျ

**ဂျကာတာ နိုဝင်ဘာ ၂၀**

အင်ဒိုနီးရှားနိုင်ငံတွင် နိုဝင်ဘာ၁၇ ရက်နံနက်ပိုင်းမှ စတင်ကာ ပျောက်ဆုံးသွားခဲ့သော တွင်အော်တာ လေယာဉ်အား အင်ဒိုနီးရှားနိုင်ငံ ပါပူရာပြည်နယ်တွင် နိုဝင်ဘာ၁၈ရက် နံနက်ပိုင်းက ပြန်လည် ရှာဖွေတွေ့ရှိပြီးဖြစ်ကြောင်း အင်ဒိုနီးရှား ရဲတပ်ဖွဲ့အရာရှိတစ်ဦးက ပြောကြားသည်။

ထိုသို့ လေယာဉ်ပျက်ကျခဲ့မှုကြောင့် လေယာဉ်ပေါ်တွင် လိုက်ပါလာသူ လေယာဉ်အမှုထမ်းနှင့် ခရီးသည် ၁၂ဦး သေဆုံးခဲ့ကြောင်း အဆိုပါ အရာရှိက ပြောကြားသည်။

တွင်အော်တာလေယာဉ်မှာ မတော်တဆဖြစ်ရပ်ကြောင့် ပျက်ကျခဲ့ခြင်းဖြစ်ပြီး ရာသီဥတုဆိုးရွားမှုနှင့် တောင်တန်းဒေသများတွင် ဖြတ်သန်းပျံသန်းစဉ် ယခုကဲ့သို့ပျက်ကျခဲ့ခြင်း ဖြစ်သည်။

အဆိုပါ တွင်အော်တာ လေယာဉ်သည် မူလီယာမြို့လေဆိပ်မှ ပြန်တက်ပြီး၁၅မိနစ်အကြာတွင် အဆက်အသွယ်ပြတ်တောက်သွားခြင်းဖြစ်သည်။ ယခုအခါ လေယာဉ်အပျက်အစီးများကို ရှင်းလင်းနေပြီဖြစ်ပြီး ကယ်ဆယ်ရေးအဖွဲ့များ ထပ်မံစေလွှတ်မည်ဟု သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**





ဂျပန်နိုင်ငံအလယ်ပိုင်း ယိုကိုဟားမားမြို့၌ မီးရထားတစ်စင်း လမ်းချော်မှု ဖြစ်ပွားနေသည်ကို နိုဝင်ဘာ ၁၉ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# နျူကလီးယားထိပ်ဖူး သယ်နိုင်သော ဒုံးကျည် အိန္ဒိယစမ်းသပ်

နယူးဒေလီ နိုဝင်ဘာ ၂၀

**အိန္ဒိယနိုင်ငံက နိုဝင်ဘာ၁၉ရက်တွင် မိုင်၁၈၀ပစ်ခတ်နိုင်သော အလတ်စား နျူကလီးယားထိပ်ဖူး သယ်ဆောင်နိုင်သည့် ဒုံးကျည်တစ်စင်းကို အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း** (အပေါ်ပုံ) **အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။**

အဆိုပါဒုံးကျည်ကိုပရစ်ဗီဟုအမည်ပေးထားပြီး ဩရိဿပြည်နယ် အရှေ့ပိုင်း ချန်ဒီပါဒေသမှ ၎င်းဒုံးကျည်ကို ဘင်္ဂလားပင်လယ်အော်သို့ စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း ၎င်းတာဝန်ရှိသူက ပြောကြားသည်။

**ပြောင်းရွှေ့ပေးခဲ့ရ**

ထိုသို့ စမ်းသပ်စဉ်အတွင်း အနီးဝန်းကျင်တွင်နေထိုင်သော ကျေးရွာနှစ်ရွာမှ ပြည်သူ ၂၇၅၀ကို ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးခဲ့ရသည်ဟုဆိုသည်။

အိန္ဒိယဒုံးပျံတပ်ဖွဲ့တွင် မြေပြင်မှ ဝေဟင်ပစ် အကက်ရှ်ဒုံးကျည်၊တာလတ်ပစ် အက်ဂနီဒုံးကျည်၊ နက်ဂ်ျဒုံးကျည်နှင့် စူပါဆိုးနစ်ဘရာမို့စ် ဒုံးကျည်များ ပါဝင်သည်ဟု ဆိုသည်။

ယခု စမ်းသပ်သည့် ဒုံးကျည်ကို အိန္ဒိယနိုင်ငံပိုင် ကာကွယ်ရေး သုတေသနနှင့် ဖွံ့ဖြိုးရေးအဖွဲ့က တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(အင်တာနက်)**

## ဂျပန်အလယ်ပိုင်းတွင် ရထားလမ်းချော်

**တိုကျို နိုဝင်ဘာ ၂၀**

ဂျပန်နိုင်ငံအလယ်ပိုင်း ယိုကိုဟားမားမြို့တွင် နိုဝင်ဘာ၁၉ရက် နံနက်ပိုင်းက ရထားတစ်စင်း လမ်းချော်မှုဖြစ်ပွားရာ ခရီးသည် ၂၅ဦးဒဏ်ရာရရှိခဲ့ကြောင်း ကျိုဒိုသတင်းဌာနက သတင်းထုတ်ပြန်သည်။

**အလျင်အမြန်ပို့ဆောင်**

ဒဏ်ရာရရှိသူများအနက် သုံးဦးကို ဆေးရုံသို့ အလျင်အမြန်ပို့ဆောင်ပေးလိုက်ရကြောင်း၊ အခြားဒဏ်ရာရရှိသူများမှာ စိုးရိမ်ဖွယ်ရာမရှိကြောင်း ဒေသဆိုင်ရာမီးသတ်ဌာနမှ ပြောကြားသည်။

**ထွက်ခွာ**

အဆိုပါ ရထားသည် ယိုကိုဟားမားမြို့ ဘူတာရုံမှ ထွက်ခွာလာပြီး ၁၀မိနစ်အကြာတွင် ယခုကဲ့သို့လမ်းချော်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း တီဆူယာမ ရထားလမ်းလုပ်ငန်းမှ အရာရှိများက ပြောကြားသည်။

**ဖြစ်ပွား**

ယခုကဲ့သို့ ရထားလမ်းချော်မှုဖြစ်ပွားရခြင်းမှာ သံလမ်းများပေါ်သို့ ကြီးမားသော ကျောက်တုံးများ လိမ့်ကျခဲ့ခြင်းကြောင့် သံလမ်းများ ယိုယွင်းခဲ့သဖြင့် ဖြစ်ပွားရခြင်းဖြစ်ကြောင်း တာဝန်ရှိအရာရှိများက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

❒ *ကျောဖုံးမှ*

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ် စီမံဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် တစ်နိုင်ငံလုံး အကြားအလပ်မရှိ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်က ဧရာဝတီတိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟသ်ာတ၊ မအူပင်နှင့် ပုသိမ်ဒေသတို့၌ ဆေးရုံကြီးများနှင့် တက္ကသိုလ်၊ ကောလိပ်များကို တည်ဆောက်ပေးခဲ့ကြောင်း။

## လွယ်ကူလျင်မြန်

မော်လမြိုင်ကျွန်းမြို့သည် နိုင်ငံတော်၏ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုတွင် ပါဝင်သော မအူပင်မြို့နှင့် နီးကပ်စွာရှိသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရည်ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများတွင် ယခင်ကဲ့သို့ မြို့ကြီးသို့ သွားရောက်ရန်မလိုတော့ဘဲ လွယ်ကူလျင်မြန်လာပြီဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးရေး၊ တိုးတက်ရေးတို့အတွက် နိုင်ငံတော်က အခြေခံအဆောက်အအုံများကို တည်ဆောက်ပံ့ပိုးဆောင်ရွက်ပေးနေသကဲ့သို့ ဒေသခံပြည်သူများအပိုင်းကလည်း မိမိတို့ရွာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်နှင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

## စည်းရုံးပညာပေး

နိုင်ငံတော်က သတ်မှတ်ပေးထားသော အဓိကသီးနှံ ၁၀ မျိုး၊ နှစ်ရှည်သီးနှံ သုံးမျိုး၊ အမယ်သစ်သီးနှံ သုံးမျိုးတို့ကို ပန်းတိုင်အထွက်နှုန်းနှင့် သတ်မှတ် စိုက်ဧကများရရှိစေရန် ကွင်းဆင်း၍ ကျေးလက်ဒေသအရောက် စည်းရုံးပညာပေးဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ထို့အပြင် ဒေသနှင့်ကိုက်ညီသော မွေးမြူရေးလုပ်ငန်းများနှင့် ပင်လယ်ကမ်းနီး ကမ်းဝေး ငါးဖမ်းလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပြီး ပင်လယ်ထွက်ကုန်များကို ပိုမိုထုတ်လုပ်နိုင်ရေးနှင့် ဧရာဝတီတိုင်း၏ စီးပွားရေးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

## အလေးထားဆောင်ရွက်

ထို့အပြင် နိုင်ငံတော်က ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးလုပ်ငန်းကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိရာ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံ ပြည်သူများအနေဖြင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးလုပ်ငန်းကို အလေးထား၍ စီမံချက် ပြည့်မီကျော်လွန်အောင် ဆောင်ရွက်ကြစေလိုကြောင်း။

မြို့နယ်အတွင်း တာဝန်ထမ်းဆောင်နေကြသော ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် ကျန်းမာရေး၊ ပညာရေး အပါအဝင် ဒေသဖွံ့ဖြိုးတိုးတက်ရာ တိုးတက်ရေးတို့ကို တာဝန်အရသာမက စေတနာထား၍ ပိုမိုတိုးတက်အောင်မြင်စေရန် ထိထိရောက်ရောက် ဆောင်ရွက်ကြရေး မှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

## လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်ကျွန်းမြို့၏ ဖွံ့ဖြိုးတိုးတက်မှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်ကျွန်းမြို့ မြို့မ (၅)ရပ်ကွက် သောင်တိုးရှိ မြတ်စက်မှုလက်မှု၏ စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက် ထုတ်လုပ်ရေးလုပ်ငန်းသို့ရောက်ရှိကြပြီး မြတ်စက်မှုလက်မှုက ထုတ်လုပ်သော စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်များ ရိုးပြတ်ခုတ် စက်အမျိုးမျိုးနှင့် စက်ပစ္စည်းအစိတ်အပိုင်းများကို လှည့်လည် ကြည့်ရှုစစ်ဆေးကြရာ လုပ်ငန်းရှင် ဦးဇော်မင်းက လိုက်လံ ရှင်းလင်းပြသသည်။

## ကျယ်ကျယ်ပြန့်ပြန့်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက နိုင်ငံတော်အနေဖြင့် လယ်ယာ စက်မှုလယ်ယာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အားပေးလျက်ရှိရာ ဒေသ၌ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရေးနှင့် နည်းစနစ်များ ပိုမိုကောင်းမွန်သည်ထက် ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရေး မှာကြားသည်။

ဧရာဝတီတိုင်း မြောင်းမြခရိုင် မော်လမြိုင်ကျွန်းမြို့နယ်ရှိ မြတ်စက်မှုလက်မှုလုပ်ငန်းက ထုတ်လုပ်သော စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်သည် ဝပ် ၅၀၀၀၀ ခန့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနိုင်မည် ဖြစ်ရာ ကျေးလက် မီးလင်းရေးလုပ်ငန်းကို များစွာအထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း သိရသည်။

မြတ်စက်မှုလက်မှုက ရိုးပြတ်ခုတ်စက်၊ ပဲ့ထောင်နောက်ထိုင် (ရုပ်လိုင်းအထိုင်)၊ ပဲ့ထောင်နောက်ထိုင် (ချိန်းထိုင်)၊ ပဲ့ထောင်နောက်ထိုင်(ကားစက်) စသည့် ဒေသပို့ဆောင်ရေးလုပ်ငန်းများတွင် အသုံးပြုသော စက်ကိရိယာအစိတ်အပိုင်းများလည်း အရည်အသွေးပြည့်မီစွာဖြင့် ထုတ်လုပ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်ကျွန်းမြို့ နယ်မြေခံတပ်ရင်းသို့ သွားရောက်ကြပြီး အောင်ဆန်းခန်းမ၌ နယ်မြေခံတပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံသည်။

## ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဒေသခံပြည်သူများနှင့် လက်တွဲကာ ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရေးတို့ကို အကျယ်တဝင့် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် နယ်မြေခံတပ်ရင်းအတွင်း စိုက်ပျိုးထားသည့် စပါးခင်းများ၊ ဟင်းသီးဟင်းရွက်စိုက်ခင်းများနှင့် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးထားရှိမှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်ကျွန်းမြို့ အကြိုတော် ဆိပ်ကမ်းမှတစ်ဆင့် ယာဉ်ငယ်များဖြင့် လမ်းသမိုင်ချောင်းတစ်လျှောက် ဥယျာဉ်ခြံမြေလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ ဝါးခယ်မမြို့နယ် ဘိုးဘေးအညာစုကျေးရွာသို့ ရောက်ရှိကြသည်။

## ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် လမ်းတစ်လျှောက်ရှိ မိုးစပါးများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှုနှင့် ရိတ်သိမ်းရန်အသင့်ဖြစ်နေသော စပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး ဝါးခယ်မမြို့သို့ ရောက်ရှိကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဝါးခယ်မမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံသည်။

## ရင်းရင်းနှီးနှီး နှုတ်ဆက်

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အခြေအနေများကို မေးမြန်းပြီး နိုင်ငံတော်က ချမှတ်ပေးထားသည့် စီမံကိန်းရည်မှန်းချက်များပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ကြရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ရေးအတွက် အောက်ခြေအထိကွင်းဆင်းဆောင်ရွက်ကြရေး၊ ဒေသဖွံ့ဖြိုးရေး၊ မြို့ရွာ သာယာလှပရေးလုပ်ငန်းများတွင် ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရေးမှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဝါးခယ်မမြို့အထွက်ရှိ မြို့ဝင်မြို့ထွက် ဧက ၄၀၀ စံပြစိုက်ကွင်းသို့ ရောက်ရှိကြပြီး ကြည့်ရှုစစ်ဆေးရာ မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးထွန်းအောင်ကျော်က လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဝါးခယ်မ–ရွှေလောင်း ကားလမ်းရှိ ကြခတ်ကုန်းကျေးရွာအနီးသို့ ရောက်ရှိကြပြီး နွေစပါးစိုက်ပျိုးရန် ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရွှေလောင်းကျွန်း မြောင်းမကြီးကို စက်ယန္တရားကြီးများဖြင့် ပြန်လည်တူးဖော်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တိုင်းဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင့်ဆန်းက လိုက်လံရှင်းလင်းပြသသည်။

## ပြန်လည်တူးဖော်

အဆိုပါ မြောင်းမကြီးသည် ဝါးခယ်မ–ရွှေလောင်း ကားလမ်းဘေး ထော်တာနော့ကျေးရွာမှ ထုံးဘိုကျေးရွာအထိ ၁၅ မိုင်ရှည်လျားပြီး ရွှေလောင်းကျွန်းရှိ လယ်မြေဧက တစ်သောင်းကို နွေစပါးစိုက်ပျိုးရေးရာသီတွင် ရေလုံလုံလောက်လောက်ပေးဝေနိုင်ရန် ပြန်လည်တူးဖော်နေခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဝါးခယ်မ–ပုသိမ်လမ်း၌ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းက တာဝန်ယူ တည်ဆောက်လျက်ရှိသော ကျွန်းကုန်းတံတား တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ တာဝန်ခံ အင်ဂျင်နီယာ ဒေါ်သိန်းနုက ကျွန်းကုန်းတံတားဆိုင်ရာ အချက်အလက်များ၊ စီမံကိန်းလျာထားချက်နှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးတင်မောင်လှနှင့် တိုင်း အင်ဂျင်နီယာမှူးကြီး ဦးစိုးတင့်တို့က တံတား တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

## စံချိန်စံညွှန်းမီ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး တံတားကြီးကို သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းမီစွာဖြင့် ပြီးစီးအောင်ဆောင်ရွက်ရေး၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းစေရန် ဂရုပြုဆောင်ရွက်သွားကြရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တံတားကမ်းကပ်ခုံတည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

## များစွာအကျိုးရှိ

ပုသိမ်–ကံကလေး–ကျုံခနောင်–ရွှေလောင်း–ဝါးခယ်မ မူလ လမ်းဟောင်းရှိ ကားလမ်းသည် ၈၂ မိုင်ရှိပြီး ကျွန်းကုန်းတံတား တည်ဆောက်ပြီးစီး၍ ပုသိမ်–ကံကုန်း၊ မြင်းကဆိပ်–ကျွန်းကုန်း–ဝါးခယ်မ လမ်းသစ်ကို အသုံးပြုပါက ပုသိမ်–ဝါးခယ်မ ခရီးသည် ၅၅ မိုင်သာ ရှိတော့မည်ဖြစ်ပြီး ခရီးမိုင် ၂၇ မိုင်တိုတောင်းသွား၍ ဒေသခံပြည်သူများအတွက် များစွာ အကျိုးရှိမည်ဖြစ်ကြောင်း သိရသည်။

ယခု တည်ဆောက်လျက်ရှိသော ကျွန်းကုန်းတံတားမှာ ဝါးခယ်မမြို့နယ်နှင့် အိမ်မဲမြို့နယ်အကြား၌ ပြန်မလော့မြစ်ကို ဖြတ်ကျော်တည်ဆောက်နေသော တံတားတစ်စင်းဖြစ်ပြီး အပေါ်ကိုယ်ထည်မှာ ဘေလီသံပေါင် ကြိုးတံတား အမျိုးအစားဖြစ်သည်။ တံတားအရှည်မှာ ပင်မ တံတားပေ ၅၀၀၊ မြေသားချဉ်းကပ်လမ်းမှာ ဝါးခယ်မဘက်ကမ်း၌ ပေ ၁၀၀၀ နှင့် အိမ်မဲဘက်ကမ်း၌ ပေ ၈၀၀ ရှိပြီး ၁၁ ပေ ၃ လက်မအကျယ် တစ်လမ်းသွား တည်ဆောက်သွားမည်ဖြစ်သည်။

## ကံကြီးတံတားစီမံကိန်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မြောင်းမြမြို့နယ် လပွတ္တာ–မြောင်းမြ– အိမ်မဲ– ကျောင်းကုန်း–ကျုံပျော်လမ်း၌ တည်ဆောက်လျက်ရှိသည့် ကံကြီးတံတား တည်ဆောက်ရေး စီမံကိန်းသို့ရောက်ရှိကြရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မြောင်းမြခရိုင် အင်ဂျင်နီယာ ဦးမြင့်ဦးက တံတား စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တံတားတည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း စက်ယန္တရားကြီးများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက တာဝန်ရှိသူများအား လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ်ကာလအမီ လုပ်ငန်းများပြီးစီးရေး၊ စံချိန်စံညွှန်းကိုက်ညီရေးတို့ကို မှာကြားသည်။

## တည်ဆောက်

အဆိုပါ ကံကြီး တံတားသည် လပွတ္တာ–မြောင်းမြ–အိမ်မဲ–ကျောင်းကုန်း–ကျုံပျော်လမ်းပိုင်း၌ ခိုင်ခံ့မှုအားနည်းနေသည့် သစ်သားတံတားအစား ကွန်ကရစ်တံတားအဖြစ် အရှည်ပေ ၂၀၀၊ အကျယ် ၂၄ ပေ တည်ဆောက်သွားမည်ဖြစ်သည်။ **(သတင်းစဉ်)**



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း အနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် နှစ်ဖက်သော မိဘများနှင့် ခင်ပွန်း ဦးအောင်ရှိန် နှစ်(၂၀)ပြည့် (ဒိုက်ဦး)အား ရည်စူး၍ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် ကုန်းဘောင် ၁၄ လမ်း အမှတ် ၁၁၅၄ နေ ဇနီး ဒေါ်ကျင်လှိုင်မိသားစုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘောလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူးဆောင်ဆရာတော် အရှင်ဝိမလ(ကျောက်ဆည်)ထံ ဆက်ကပ်လှူဒါန်းစဉ်။**
(က–ပ)



**ဖျာပုံ အကျဉ်းထောင်တွင် အကျဉ်းသားများအား ကျန်းမာရေးနှင့် ဆေးဝါးကုသမှု ဆောင်ရွက်နေသည်ကို ပြည်တွင်း လူမှုရေးအသင်းအဖွဲ့ဝင်များ ကြည့်ရှုကြစဉ်။**
(အကျဉ်းဦးစီး)

# ဖျာပုံ အကျဉ်းထောင်သို့ ထောက်ပံ့မှုပြုလုပ်

**ရန်ကုန် နိုဝင်ဘာ ၂၀**

ပြည်တွင်း လူမှုရေးအသင်းအဖွဲ့ဝင်များသည် နိုဝင်ဘာ ၉ ရက်တွင် ဖျာပုံ အကျဉ်းထောင်သို့ သွားရောက်၍ အကျဉ်းသားများအား စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ထိန်းသိမ်းဆက်ဆံမှု၊ ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေးနှင့် နေထိုင်စားသောက်ရေး လိုအပ်ချက်များ ရှိ/မရှိ စသည်တို့ကို လေ့လာခြင်း၊ အကျဉ်းသားများအား တွေ့ဆုံ၍ အားပေးစကားပြောကြားခြင်းတို့ကို ပြုလုပ်ကြကာ ငွေကျပ် ရှစ်သောင်းတန်ဖိုးရှိ စားသောက်ဖွယ်ရာများနှင့် တစ်ခါသုံး ဆေးထိုးအပ်အချောင်း ၁၀၀ တို့ကို ထောက်ပံ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဒဂုံမြို့နယ်တွင် မီးလောင်မှုဖြစ်ပွား

**ရန်ကုန် နိုဝင်ဘာ ၂၀**

ရန်ကုန်တိုင်း ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းနှင့် ယောမင်းကြီးလမ်းထောင့်၌ Mr. Mukun Guo ပိုင် ဒေဂူးဆလွန်းကားသည် နိုဝင်ဘာ ၁၇ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် မောင်းနှင်နေစဉ် ဝိုင်ယာရှော့ဖြစ်ပွားရာမှ ဆီတိုင်ကီသို့ကူးစက်၍ မီးလောင်မှုဖြစ်ပွားသည်။

မီးလောင်မှုကြောင့် ကားထိုင်ခုံများ၊ ဝိုင်ယာကြိုးနှင့် တာယာနှစ်လုံး မီးလောင်ခံရပြီး ငွေကျပ်သုံးသိန်းဖိုးခန့် ဆုံးရှုံးသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဓာတ်ဆီဖြည့်မှုသတိပြု

**ပူပြင်းသောရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှုမှ သဘာဝတည်ငြိမ်လျှပ်စစ်တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ဓာတ်ဆီထည့်ခြင်းကို သတိပြုရှောင်ကြဉ်ကြပါရန်။**
မီးသတ်ဦးစီးဌာန။

* ကျောဖုံးမှ

ကျိုင်းတုံ-မိုင်းခွန်-မိုင်းခုတ် လမ်းတစ်လျှောက် ကျောက်ခင်းလမ်း ၄၈ မိုင် ခင်းပြီးမှု၊ ရေပြွန်များ၊ တံတားများ၊ မြေထိန်းနံရံများ ဖောက်လုပ်တည်ဆောက်ပြီးစီးမှု လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဖြည့်စွက်၍ ရှင်းလင်းတင်ပြသည်။

## ကြိုးပမ်းဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ယခုအခါ ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်၍ မိုးရာသီ၌ ရပ်ဆိုင်းထားခဲ့ရသော လမ်းလုပ်ငန်းများ ပြန်လည်လုပ်ဆောင်နိုင်သည့် အချိန်ကာလ ဖြစ်ကြောင်း၊ ယခုလမ်းကို လာမည့်နှစ် မိုးမကျမီ ကျောက်ခင်း အမာခံလမ်းအဖြစ် ပြီးစီးအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသခံတိုင်းရင်းသားပြည်သူများ နွေ၊ မိုး၊ ဆောင်း ရာသီမရွေး သွားလာနိုင်အောင် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ ဤဒေသသည် သဘာဝတောင်ကြောများဖြင့် မြင့်မားထူထပ်သောကြောင့် မော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် အထူးသဖြင့် အတက်လမ်းပိုင်းကို ဦးစားပေးပြီး အမာခံ ကျောက်ချောလမ်းအဖြစ် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် တိုင်းမှူးနှင့်အဖွဲ့ဝင်များနှင့်အတူ ဆက်လက်ထွက်ခွာလာပြီး မိုင်တိုင်အမှတ် (၅၀/၂)နှင့် (၅၀/၃) အကြား၌ မိုးရာသီတွင် ရေတိုက်စားသဖြင့် ပြတ်တောက်သွားခဲ့သော လမ်းပိုင်း၏ ပြုပြင်ထားခြင်းကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက လိုအပ်သည်များကို မှာကြားသည်။

## ညှိနှိုင်းစီမံ

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် တိုင်းမှူးနှင့်အဖွဲ့ဝင်များနှင့်အတူ မိုင်တိုင် အမှတ်(၆၃/၄) နှင့် (၆၃/၅ ) အကြား၌ အကျယ် ၁၈ပေ အရှည် ၂၄ပေရှိ တည်ဆောက်လျက်ရှိသော ရေပူချောင်းတံတားသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီးဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ချောင်းရေ တိုက်စားပျက်စီးမှုမရှိစေရေးအတွက် သဘာဝဦးသဏ္ဌာန် ရေခွဲထည့်သွင်း တည်ဆောက်ရေး၊ တံတားရေရှည် ကြံ့ခိုင်မှုရှိစေရေးအတွက် အကျယ်ပေ ၂၀ ရှိ သံကူကွန်ကရစ်တံတားအဖြစ် ပြင်ဆင်တည်ဆောက်သွားနိုင်ရေး ညှိနှိုင်းစီမံ ဆောင်ရွက်သွားရန် မှာကြားသည်။

ကျိုင်းတုံ-မိုင်းခွန်-မိုင်းခုတ်လမ်းတွင် ရေပြွန် ၅၃ခု၊ သံကူကွန်ကရစ်တံတား ၁၁စင်း၊ သစ်သားတံတား ငါးစင်းနှင့် မြေထိန်းနံရံ ၁၈ခုတို့ဖြင့် တည်ဆောက်ထားသည့်အပြင် တောင်ကြော ဆက်လမ်း ၁၇ခုတို့ဖြင့် ဖောက်လုပ်ထားသဖြင့် လမ်းပန်းဆက်သွယ်မှု ပိုမိုချောမွေ့ကောင်းမွန်လာကြောင်း သိရှိရသည်။

## ဆက်လက်ပြုပြင်

ထို့ပြင် အရှည် ၁၁၂မိုင်ရှိ ကျိုင်းတုံ-မိုင်းခွန်-မိုင်းခုတ်-မိုင်းဆတ် လမ်းတစ်လျှောက်တွင် နေထိုင်ကြသော ဒေသခံတိုင်းရင်းသား ပြည်သူများ ဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

မွန်းလွဲပိုင်းတွင်ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် မိုင်းဆတ်ခရိုင် မိုင်းခုတ်မြို့သို့ ရောက်ရှိကြပြီး ဘုရင့်နောင်ခန်းမ၌ မိုင်းခုတ်တပ်နယ်ရှိ တပ်ရင်း တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံကာ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရေး မှာကြားကာ အရာရှိ၊ စစ်သည် မိသားစုများအတွက် ကြက်သွန်၊ အာလူးနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

## ပူးပေါင်းပါဝင်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် မိုင်းခုတ်မြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ သွားရောက်ကြပြီး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံကာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက နိုင်ငံတော်အစိုးရသည် နိုင်ငံတော်တစ်ဝန်းလုံး ကွက်လပ်မကျန် မျှမျှတတ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်း အထူးဒေသကြီး ၂၄ ခု ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅)ရပ် စီမံကိန်းများချမှတ်ကာ တိုင်းရင်းသား ပြည်သူများ၏ ပူးပေါင်းပါဝင်မှု စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

မိုင်းခုတ်ဒေသသည်လည်း မြို့အဖြစ်အဆင့်တိုးမြှင့်ပေးကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန် အဟုန်မြှင့်ဆောင်ရွက်နိုင်ခဲ့သည့်အတိုင်း စိုက်ပျိုးရေး၊ ပညာရေး၊ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ အသီးသီးတို့ အထိုက်အလျောက် တိုးတက်လာပြီဖြစ်ကြောင်း၊ ယင်းကဲ့သို့ တိုးတက်မြင့်မားလာခြင်းသည် ဒေသခံတိုင်းရင်းသား ပြည်သူများ ပြည်ထောင်စုကြီးထာဝရ တည်ငြိမ် အေးချမ်းပြီး ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးအတွက် ဒေသအာဏာပိုင် အဖွဲ့အစည်းအဆင့်ဆင့်၏ ကြီးကြပ်မှုဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြခြင်း၏ အကျိုးရလဒ်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာ ဝန်ထမ်းများက ဒေသခံတိုင်းရင်းသား ပြည်သူများအား နိုင်ငံတော်၏ ဆောင်ရွက်ချက်များကို သဘောပေါက်နားလည်အောင်စည်းရုံး၍ ပို၍ပို၍ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

## အရှိန်အဟုန်မပျက်

စိုက်ပျိုးရေးကဏ္ဍတွင် ဒေသဝမ်းစာဖူလုံမှု ၁၈၈ ဒသမ ၄၁ ရာခိုင်နှုန်းရှိသည်ကို တွေ့ရ၍ ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း အရှိန်အဟုန်မပျက် ဆက်လက် ကြိုးပမ်းစိုက်ပျိုးသွားကြရန် တိုက်တွန်းလိုကြောင်း။

ပညာရေးကဏ္ဍတွင် ဒေသခံတိုင်းရင်းသားလူငယ်များ လက်လှမ်းတမီသင်ယူဆည်းပူး နိုင်ရန်အတွက် နိုင်ငံတော်က အခြေခံပညာအထက်တန်းကျောင်းတိုးချဲ့ ဖွင့်လှစ်ပေးထားပြီဖြစ်ရာ ယခင်ကထက် စာမေးပွဲအောင်ချက်နှုန်းတိုးတက်မြင့်မားအောင် ကြိုးပမ်းဆောင်ရွက်ရန်၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးတာဝန်များ လက်ဆင့်ကမ်းတာဝန်ယူနိုင်သည့် ဘက်စုံပညာထူးချွန်သော တိုင်းရင်းသားလူငယ်များ ပေါ်ထွန်းလာရန် ဆရာ၊ ဆရာမများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ဝိုင်းဝန်းလေ့ကျင့်ပျိုးထောင်ပေးကြရန် တိုက်တွန်း မှာကြားလိုကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် နိုင်ငံတော် အကျိုး၊ ဒေသအကျိုးကို ရှေးရှုပြီး ဒေသဖွံ့ဖြိုးရေးတာဝန်များကို ပြည်ထောင်စုစိတ်ဓာတ် အပြည့်ဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်း ထမ်းဆောင်ကြစေလိုကြောင်းဖြင့် ပြောကြားပြီး လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များနှင့်အတူ မိုင်းခုတ်မြို့ ပြည်သူ့ဆေးရုံကိုသွားရောက် ကြည့်ရှုစစ်ဆေးရာ တာဝန်ခံဆရာဝန် ဒေါက်တာဝင်းနိုင်က ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

## လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ဒေသခံတိုင်းရင်းသား ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု ပိုမိုထိရောက်အောင်ဆောင်ရွက်ရေး၊ သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းအဆင့်ဆင့်တို့က လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးရေး၊ ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများကလည်း ကွင်းဆင်းကြပ်မတ် ဆောင်ရွက်ရေးတို့အတွက် မှာကြားပြီး ပြည်သူ့ဆေးရုံအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင်ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ လိုက်ပါပြီး မိုင်းခုတ်မြို့မှ မိုင်းဆတ်မြို့သို့ ဆက်လက် ထွက်ခွာ၍ မိုင်တိုင်အမှတ် (၂၀/၀မှ ၂၂/၀)အတွင်း၌ မိုင်းဆတ်-မိုင်းခုတ်လမ်းကို အကျယ် ၃၄ ပေအထိ စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား၍ ဆက်လက် ထွက်ခွာကာ ညပိုင်းတွင် မိုင်းဆတ်မြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

# မိုးကုတ်ဝိပဿနာ အလုပ်ပေး တစ်လ တရားစခန်းပွဲ

**ရန်ကုန် နိုဝင်ဘာ ၂၀**

ဇလွန်မြို့ လမ်းမတော်မြောက် မြို့သစ်ရပ် ခပေါင်းလမ်းရှိ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ခွဲ အမှတ်(၉၆) ဓမ္မရိပ်သာကြီးတွင် ဒီဇင်ဘာ၂၂ရက် (သောကြာနေ့) ၁၃၆၈ခုနှစ် ပြာသိုလဆန်း ၄ရက်မှ ဇန်နဝါရီ၂၀ရက်(စနေနေ့)အထိ (တစ်လ) တရားစခန်းပွဲကြီး ကျင်းပမည်ဖြစ်သည်။

တရားစခန်းပွဲကြီး၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယခံတပည့်များဖြစ်သော ဆရာတော် အရှင်ဦးသြဘာသအရှင်သူမြတ်၊ ဓမ္မကထိက ဆရာကြီးဦးကျော်စိန်နှင့် ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးအေးဖေတို့သည် ဗုဒ္ဓအလိုတော်ကျ ပရိညာသုံးပါးအခြေခံထား၍ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်မြတ်နှင့် သစ္စာလေးပါး ဝိပဿနာလုပ်ငန်းစဉ်တရားများကို ခန္ဓာဉာဏ်ရောက် သဘောပေါက်အောင် ဟောပြောပြသကြမည်ဖြစ်သည်။ ရန်ကုန်မှ လိုက်ပါလိုသောယောဂီများသည် ဖုန်း- ၅၅၄၄၃၅၊ ၅၈၄၈၆၇တို့သို့ ဆက်သွယ်၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# (ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၀**

၂၀၀၆ခုနှစ် (၄၅)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲကို သတ်မှတ်ထားသည့် အားကစားကွင်းများ၌ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် အားကစားကွင်း (မင်္ဂလာဒုံ)၌ ကျင်းပသော (င)အုပ်စုပြိုင်ပွဲတွင် အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ်အသင်းက အမှတ်(၃၃)ခြေမြန်တပ်မဌာနချုပ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးတွင် နိုဝင်ဘာ ၁၈ရက်က ပြုလုပ်သည့် ကိုယ်ဝန်ဆောင်မိခင်မှ ကလေးသို့ HIV/AIDS ရောဂါ ကူးစက်ကာကွယ်ခြင်းသင်တန်း အသိပေးရှင်းလင်းပွဲ၌ ယူနီဆက်ဖ်အဖွဲ့မှ ဒေါက်တာဒေါ်ဂရိတာသိန်း အမှာစကားပြောကြားစဉ်။ (၃၅၂)


အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏

ပဉ္စမအကြိမ် အစားအသောက် အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ

ကျွမ်းကျင်သူများ ညှိနှိုင်းအစည်းအဝေး

5th Meeting of ASEAN Expert Group on Food Safety

21 to 23 November 2006 Yangon, Myanmar


# စိတ်ကြွရူးသွပ်ဆေးပြားများ၊ လက်နက်ငယ်နှစ်လက် လက်ပစ်ဗုံးတစ်လုံးနှင့် မူးယစ်တရားခံပြေးတစ်ဦးအား တာချီလိတ်မြို့နယ် မူးယစ်တပ်ဖွဲ့က ဖမ်းဆီးရမိ

**ရန်ကုန် နိုဝင်ဘာ ၂၀**

နိုဝင်ဘာ ၁၉ရက် မွန်းလွဲပိုင်းတွင် တာချီလိတ်မြို့နယ် မိုင်းဖုန်း(က)အုပ်စု ပါဆာရွာအထက် မိုင်ဝက်ခန့်အကွာရှိ မဲခေါင်မြစ်ကမ်းခြေမှ စိတ်ကြွရူးသွပ်ဆေးပြားများ၊ လက်နက်ငယ်နှစ်လက်၊ လက်ပစ်ဗုံးတစ်လုံးနှင့် မူးယစ်တရားခံပြေး တစ်ဦးအား တာချီလိတ်မြို့နယ် မူးယစ်တပ်ဖွဲ့က ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။

## ဆုတ်ခွာထွက်ပြေး

ဖြစ်စဉ်မှာ တာချီလိတ်မြို့နယ် မူးယစ်တပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်ခြောက်ဦးနှင့် မိုင်းဖုန်းပြည်သူ့စစ်တပ်ဖွဲ့ဝင်များသည် နယ်မြေအတွင်း မူးယစ်ဆေးဝါး ဖြတ်သန်းသယ်ယူမှုများကို သတင်းဖော်ထုတ်ရှင်းလင်းရန် မဲခေါင်မြစ်ကြောင်းတစ်လျှောက် ကင်းလှည့်စောင့်ကြပ်စဉ် ပါဆာရွာအထက် မိုင်ဝက်ခန့်ရှိ မဲခေါင်မြစ်ကမ်းခြေ၌ ယာယီတဲနှစ်လုံးနှင့် စက်လှေတစ်စင်းတို့ကို တွေ့ရှိခဲ့ကြောင်း၊ တဲအနီးသို့ ရှင်းလင်းချီတက်စဉ် တဲအတွင်းမှ လက်နက်ကိုင်လူခြောက်ဦးက လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်ခဲ့ကြောင်း၊ မိမိပူးပေါင်းအဖွဲ့မှ ပြန်လည်ပစ်ခတ်မှုကြောင့် တဲအတွင်းမှ လက်နက်ကိုင်များ အနောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားပြီး တရားခံတစ်ဦးအား အမ်(၇၉)တစ်လက်နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ အဆိုပါ ဖမ်းဆီးရမိတရားခံမှာ အောက်တိုဘာ ၁၁ ရက်က ဝမ်ကျောက်လုံကျေးရွာသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဝင်ရောက်ရှင်းလင်းစဉ် စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀ ဖမ်းဆီးရမိခဲ့သည့်ဖြစ်စဉ်မှ ထွက်ပြေးနေသော တရားခံပြေး အိုက်မြင့်အသက်(၃၄) နှစ်ဆိုသူဖြစ်ပြီး ထွက်ပြေးလွတ်မြောက်သွားသူတရားခံ ငါးဦးမှာ ၂၀၀၅ခုနှစ် ဒီဇင်ဘာ၂၆ရက်မှ ၂၀၀၆ခုနှစ် ဧပြီ၃၀ရက်အတွင်း တာချီလိတ်နယ်မြေအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆောင်ရွက်စဉ် ဖမ်းဆီးရမိခဲ့သည့် မူးယစ်ဆေးဝါးတန်ဖိုး မြန်မာငွေကျပ် ၁၂၅ဒသမ၄ဘီလီယံနှင့် လက်နက်မျိုးစုံ ၁၉၈လက်သိမ်းဆည်းရမိခဲ့သည့် ဖြစ်စဉ်မှ ထွက်ပြေးနေသော တရားခံပြေး စိုင်းနော်ခမ်းနှင့်ဇနီး တီးနော အပါအဝင် ငါးဦးတို့ဖြစ်ကြောင်း။

## သိမ်းဆည်းရမိ

ပစ်ခတ်မှုဖြစ်ပွားသည့်နေရာတစ်ဝိုက်အား ရှင်းလင်းရှာဖွေရာ အမ်(၂၂) မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ၎င်းကျည်အိမ်နှစ်ခု၊ ၅ဒသမ၅၆ ကျည်၃၅တောင့်၊ တရုတ်လက်ပစ်ဗုံးတစ်လုံးနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၅၀ ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း။

ထွက်ပြေးလွတ်မြောက်သွားသည့် တရားခံငါးဦးနောက်သို့ နယ်မြေခံစစ်ကြောင်းမှ လိုက်လံရှင်းလင်း ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် ဂုဏ်ပြုတင်ဆက် “အမိကောင်းကင် ကြယ်စင်မောင်နှမ” ဇာတ်ကား အနုပညာမြောက်စွာတင်ပြနိုင် ဇာတ်ညွှန်း၊ ဒါရိုက်တာနှင့် အနုပညာရှင်များ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုကြောင့်ဖြစ် အသင်းကြီး၏ရည်ရွယ်ချက်နှင့် အနှစ်သာရ ပြည်သူများသိရှိအောင် ဆက်လက်ပံ့ပိုးကူညီ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၆) ဂုဏ်ပြုဇာတ်လမ်းဖြစ်သော ‘အမိကောင်းကင် ကြယ်စင်မောင်နှမ’ ဗီဒီယိုဇာတ်ကားတွင် မေတ္တာဖြင့် အနုပညာအကူအညီ ပေးခဲ့ကြသည့် ရုပ်ရှင်၊ ဗီဒီယိုနှင့် ဂီတအနုပညာရှင်၊ အတတ်ပညာရှင်များအား ဂုဏ်ပြု ညစာစားပွဲ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဂုဏ်ပြုအမှာစကားပြောကြားစဉ်။(သတင်းစဉ်)





ရန်ကုန် နိုဝင်ဘာ ၂၀

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆) ဂုဏ်ပြုဇာတ်လမ်းဖြစ်သော“အမိကောင်းကင် ကြယ်စင် မောင်နှမ”ဗီဒီယိုဇာတ်ကားတွင် မေတ္တာဖြင့် အနုပညာအကူအညီပေးခဲ့ကြသည့် ရုပ်ရှင်၊ ဗီဒီယိုနှင့် ဂီတအနုပညာရှင်၊ အတတ်ပညာရှင်များအား ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံပွဲ အခမ်းအနားကို ယမန်နေ့ည ၆ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော် ဥတ္တရဆောင်၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီး ဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြား သည်။**

## တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲအခမ်း အနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး သမ ဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် တင်ထွတ်၊ ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ် အမှုဆောင် ဒုတိယမြို့တော်ဝန် ဗိုလ် မှူးကြီးမောင်ပါ၊ ပြန်ကြားရေးဝန်ကြီး ဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ တာဝန်ရှိသူ များ၊ **“အမိကောင်းကင် ကြယ်စင် မောင်နှမ”**ဗီဒီယိုဇာတ်လမ်းတွင် မေတ္တာ ဖြင့် အနုပညာ အကူအညီပေးခဲ့ကြ သည့် ရုပ်ရှင်၊ ဂီတ၊ ဗီဒီယိုတို့မှ အနုပညာရှင်၊ အတတ်ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြ သည်။

ဂုဏ်ပြုညစာစားပွဲ အခမ်းအနား တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးအသင်း အတွင်းရေးမှူး ပြန်ကြား ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် ကျော်ဆန်းက ဂုဏ်ပြုအမှာစကားပြော ကြားရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်ဂုဏ်ပြု ဇာတ်လမ်းဖြစ်သည့်**“အမိကောင်းကင် ကြယ်စင်မောင်နှမ”**ဇာတ်ကားကို အနု ပညာရသမြောက်စွာဖြင့် ပြည်သူများ ထံ တင်ပြနိုင်ခဲ့ကြောင်း၊ ပြည်သူလူထု များက နှစ်သက် လက်ခံကြသည်ကို လည်း သိရှိရပါကြောင်း၊ ယခုကဲ့သို့ ကြည့်သူများက နှစ်သက်သဘောကျ လက်ခံအောင် ဆောင်ရွက်နိုင်ခဲ့ခြင်း သည် ကဏ္ဍအသီးသီးတွင် ပါဝင် ဆောင်ရွက်ခဲ့ကြသော ဇာတ်ညွှန်း၊ ဒါ ရိုက်တာ၊ သရုပ်ဆောင်များ၊ စက်မှု ပိုင်းဆိုင်ရာများအားလုံးနှင့် ဂီတဝန် ဆောင်မှုပေးခဲ့သော ဂီတပညာရှင်များ၊ အသံ၊ တည်းဖြတ်၊ ထုတ်လုပ်ကြသူ များ အားလုံးတို့၏ ဝိုင်းဝန်းကူညီ ပူးပေါင်း ဆောင်ရွက်မှုကြောင့်ပင်ဖြစ် ကြောင်း။

## အသိအမှတ်ပြု

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုး ရေးအသင်း ဗဟိုနာယက အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းကလည်း **“အမိကောင်းကင် ကြယ်စင်မောင်နှမ”**ဇာတ်ကားတွင်ပါဝင် ခဲ့ကြသည့် အားလုံးသောအနု ပညာရှင် များအား ကျေးဇူးတင်ကြောင်းနှင့် အသိအမှတ်ပြုကြောင်းကို ပြောကြား ပေးရန် မိမိအား မှာကြားခဲ့ကြောင်း။

ယခုဇာတ်ကားကို ရိုက်ကူးရာတွင် အချိန်ကာလ နှစ်လခန့်သာကြာမြင့် ခဲ့ပြီး နှစ်လခန့်အတွင်း အနုပညာရှင် များသည် မိမိတို့၏တန်ဖိုးရှိသော အချိန်များကိုပေးပြီး စိတ်ရောကိုယ်ပါ အားလုံး မညည်းမညူ ကူညီခဲ့သည်ကို တွေ့ရကြောင်း။

## မှတ်တမ်းတင်

အလားတူ ယင်းဇာတ်ကားကို ရိုက်ကူးရာတွင်လည်း ပြည်နယ်နှင့် တိုင်း အားလုံးနီးပါးသို့ သွားရောက် ရိုက်ကူးခဲ့ရသဖြင့် သွားလာနေထိုင် စားသောက်ရေးတွင် ပင်ပန်းမှုများ ကြုံတွေ့ခဲ့ရပြီး သရုပ်ဆောင်ရာတွင် လည်းကောင်း၊ အသံပိုင်းတွင် လည်း ကောင်း ဇာတ်လမ်းဇာတ်ကွက် ပီပြင် အောင် အခါခါ ပြန်လည်ဆောင်ရွက် ခဲ့ရသည်များရှိကြောင်း၊ ယင်းကိစ္စများ တွင် စိတ်ရှည်သည်းခံပြီး စိတ်ရော ကိုယ်ပါ ပူးပေါင်းပါဝင် ဆောင်ရွက်ပေး ခဲ့၍လည်း ကျေးဇူးတင်မှတ်တမ်းတင်ပါ ကြောင်းဖြင့် ပြောကြားလိုကြောင်း။

အလားတူ ဇာတ်ကားရိုက်ကူးရာ တွင် သွားရောက်သောပြည်နယ်၊ တိုင်း အသီးသီးမှ တာဝန်ရှိသောပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိ သူများက အစစအရာရာ အဆင်ပြေ အောင် ဝိုင်းဝန်းပံ့ပိုးကူညီခဲ့ကြကြောင်း၊ ထို့အတူဆင်ဆာအဖွဲ့၊ ရုပ်ရှင်အစည်း အရုံး၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ ဂီတ အစည်းအရုံးနှင့် ဗီဒီယိုဖြန့်ချိရေး စသည်တို့မှ ပုဂ္ဂိုလ်များကလည်း ဝိုင်းဝန်း ကူညီပေးခဲ့ကြသည့်အတွက် ယခုကဲ့သို့ အနှစ်သာရ ပြည့်ဝသော ဇာတ်ကားကို ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အနေဖြင့် ပြည်သူများထံ တင်ဆက်နိုင်ခဲ့ကြောင်း၊ ဤဇာတ်ကားတွင် ပါဝင် ဆက်စပ် ကူညီပေးခဲ့ကြသူများ၏ စေတနာနှင့် အသိစိတ်ရှိရှိ ပူးပေါင်းပါဝင် ကူညီခဲ့ ကြသူများအား ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့် အထူး ကျေးဇူးတင်ရှိကြောင်းနှင့် မှတ်တမ်း တင်ပါကြောင်း။



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း သရုပ်ဆောင်အကယ်ဒမီနွဲ့နွဲ့မူအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်စဉ်။**

(သတင်းစဉ်)

## ဆက်လက်ပံ့ပိုးကူညီ

တစ်ဆက်တည်း မေတ္တာရပ်ခံ ပြောကြားလိုသည်မှာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး သည် အမျိုးသားရေးအသင်းဖြစ်သည် နှင့်အညီ အမျိုးသားအကျိုးစီးပွားကို တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိ ကြောင်း၊ အမျိုးသားအကျိုးစီးပွားကို တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိ ရာတွင် ယခုကဲ့သို့ ရုပ်ရှင်ဇာတ်ကား၊ ဆောင်းပါး၊ ဝတ္ထု၊ သီချင်းစသည်များ ဖြင့် အသင်းကြီး၏ ရည်ရွယ်ချက်၊ အနှစ်သာရဆောင်ရွက်မှုများကို ပြည် သူများသိရှိအောင် တစိုက်မတ်မတ် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်သည့်အခါတိုင်း အခါတိုင်းတွင် တက်ရောက်လာကြ သည့် ရုပ်ရှင်ပညာရှင်များ၊ ရုပ်ရှင် လောကသားများအားလုံး၊ စက်မှု ပညာရှင်များအားလုံး၊ ရုပ်ရှင်အစည်း အရုံး၊ ဂီတအစည်းအရုံးနှင့် စာပေနှင့် စာနယ်ဇင်းအဖွဲ့မှ ပုဂ္ဂိုလ်များအားလုံး က ယခုကူညီသကဲ့သို့ ဆက်လက် ပံ့ပိုးကူညီပေးကြပါဟု မေတ္တာရပ်ခံရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြား သည်။

## ပေးအပ်ချီးမြှင့်

ထို့နောက် ပြည်ထောင်စု ကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်း ရေးမှူး သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ဒါရိုက်တာ အကယ်ဒမီ စင်ရော်မောင်မောင်၊ ဇာတ်ညွှန်း အကယ်ဒမီငြိမ်းမင်း၊ သရုပ် ဆောင် အကယ်ဒမီ ညွန့်ဝင်းနှင့် အကယ်ဒမီဒွေးတို့အား လည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ပြန်ကြားရေး ဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း က သရုပ်ဆောင် အကယ်ဒမီ အိန္ဒြာ ကျော်ဇင်၊အကယ်ဒမီနေအောင်၊အကယ် ဒမီ ထွန်းထွန်းဝင်း၊ အကယ်ဒမီလူမင်း၊ အကယ်ဒမီနွဲ့နွဲ့မူ၊ နေထက်လင်း၊ သက်မွန်မြင့်နှင့် နေတိုးတို့အားလည်း ကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင် ပါက သရုပ်ဆောင်များဖြစ်ကြသော ထွန်းထွန်း၊ သင်ဇာဝင့်ကျော်၊ အိအိစိုး၊ သန္တာစုလှိုင်၊ ခင်စပယ်ဦးစတူဒီယိုမှ ဦးဝဏ္ဏတင်စိုးနှင့် ရွှေကျားတည်းဖြတ် နှင့် စိန်ငွေးတည်းဖြတ်မှ ဦးလှဘုန်း တို့အားလည်းကောင်း ဂုဏ်ပြုမှတ် တမ်းလွှာနှင့်ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ပြီး ပြည်ထောင်စုကြံ့ ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ် လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၆) ဂုဏ်ပြုဇာတ်လမ်းဖြစ်သော **“အမိကောင်းကင်ကြယ်စင်မောင်နှမ”** ဗီဒီယိုဇာတ်ကားတွင်ပါဝင်ကူညီခဲ့ကြ သည့် ရုပ်ရှင်၊ ဗီဒီယို အနုပညာရှင်၊ အတတ်ပညာရှင်များအတွက် ဂုဏ်ပြု မှတ်တမ်းလွှာများကို စင်ရော်ရုပ်ရှင် နှင့် ဗီဒီယိုထုတ်လုပ်ရေးမှ မန်နေဂျာ ဦးမြင့်သိန်းအားလည်းကောင်း၊ ဂီတ အနုပညာရှင် တေးရေး၊ တေးဆိုများ အတွက် ဂုဏ်ပြုမှတ်တမ်းလွှာများကို ဦးမြင့်မိုးအောင်အား လည်းကောင်း၊ ဧည့်ခံဖျော်ဖြေပေးသော ကရဝိက်နန်း တော်မှ မြန်မာဆိုင်းဝိုင်းအတွက် ဂုဏ် ပြုဆုငွေကို မြန်မာဆိုင်းဝိုင်းအဖွဲ့ခေါင်း ဆောင်အားလည်းကောင်း ပေးအပ် ချီးမြှင့်သည်။

## ဂုဏ်ပြုညစာတည်ခင်း

ယင်းနောက် ရုပ်ရှင်၊ ဗီဒီယို အနု ပညာရှင်၊ အတတ်ပညာရှင်များကိုယ် စား**“အမိကောင်းကင် ကြယ်စင်မောင် နှမ”**ဗီဒီယိုဇာတ်ကားကို ရိုက်ကူးသူ ဒါရိုက်တာ အကယ်ဒမီစင်ရော်မောင် မောင်က ကျေးဇူးတင်စကားပြန်လည် ပြောကြားပြီး တက်ရောက်လာကြ သူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# NLDသည် တိုင်းပြည်နှင့် လူမျိုးဒုက္ခရောက်စေမည့် လုပ်ရပ်များကို တစိုက်မတ်မတ်လုပ်ဆောင်လျက်ရှိ ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားထားမှုမရှိ ရွှေဘိုမြို့နယ် NLD ပါတီဝင် ငါးဦး စုပေါင်းနုတ်ထွက်

**ရန်ကုန် နိုဝင်ဘာ ၂၀**

စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော မင်းကျောင်းကျေးရွာမှ ဦးငွေးမောင်၊ ဦးပွား၊ မြောင်းကြီးကျေးရွာမှ ဦးတင်ထွန်း၊ ပဂိုးကုန်းကျေးရွာမှ ဦးသိန်းမြန်နှင့် ကုလားမကျေးရွာမှ ဦးမျိုးပိုင်တို့ငါးဦးသည် ဩဂုတ်၁၆ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ ဆန္ဒ အလျောက်နုတ်ထွက်လွှာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဌာနချုပ်သို့လည်း ကောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြ သည်။

ရွှေဘိုမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက် လွှာတွင် NLD ပါတီသည် နိုင်ငံနှင့်ပြည်သူ့အကျိုးကို ရှေးရှုဆောင်ရွက်ခြင်းမရှိဘဲ တိုင်းပြည်နှင့်လူမျိုး ဒုက္ခရောက်စေမည့် လုပ်ရပ်များကိုသာ တစိုက်မတ်မတ်လုပ်ဆောင်လျက်ရှိကြောင်း၊ ထို့ကြောင့် NLDပါတီနှင့် ပါတီခေါင်းဆောင်များ အပေါ် ယုံကြည်အားထားမှုမရှိတော့သဖြင့် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

**(သတင်းစဉ်)**

# ကချင်ပြည်နယ် မြစ်ကြီးနား–ဆွမ်ပရာဘွမ်–ပူတာအိုလမ်းပိုင်းပေါ်ရှိ ပေ ၁၈၀အထက် အစင်း ၂၀၀မြောက် ဖုန်အင်တံတားဖွင့်လှစ် ခံနိုင်ဝန် ယာဉ်တစ်စီးချင်း တန် ၂၀ဖြစ်ပြီး အရှည် ၂၃၅ပေရှိ

**ဖုန်အင်တံတား**

မြစ်ကြီးနား–ဆွမ်ပရာဘွမ် –ပူတာအို လမ်းရှိ ဖုန်အင်တံတားကို တွေ့ရစဉ်။

(သတင်းစဉ်)



**ရန်ကုန် နိုဝင်ဘာ ၂၀**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၅)က မြစ်ကြီးနား–ဆွမ်ပရာဘွမ်–ပူတာအိုလမ်း မိုင်တိုင် ၁၄၈/၀၅ ဖုန်အင်ခချောင်းကိုဖြတ်၍ တည်ဆောက်ပြီးစီးသည့် ဖုန်အင် တံတားဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၈ရက် မွန်းလွဲ၂နာရီခွဲက အဆိုပါ တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပသည်။ အခမ်းအနားသို့ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ တပ်မတော်မှအရာရှိကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ တိုင်းရင်းသားဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ယနေ့ဖုန်အင်တံတားကြီးကို ဖွင့်လှစ်လိုက်သည့်အတွက် မြစ်ကြီးနားမှ ပူတာအိုအထိ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စွာ သွားလာနိုင်ပြီးဖြစ်၍ ဒေသထွက်ကုန်များ၊ ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်လာတော့မည်ဖြစ်ကြောင်း။

## မျှမျှတတဖွံ့ဖြိုးတိုးတက်

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကချင်ပြည်နယ်အပါအဝင် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံးကို ဟန်ချက်ညီညီတစ်ပြိုင်တည်းဖွံ့ဖြိုးတိုးတက်လာစေရန် ဒေသအလိုက် လိုအပ်ချက်များကို လေ့လာဖော်ထုတ်ဆောင်ရွက်ပေးနေကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသများ အားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွံ့ဖြိုးရေးဇုန် ၂၄ခုသတ်မှတ်ပြီး နယ်စပ်ဒေသပါမကျန် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့ပြင် ပြည်နယ်နှင့်တိုင်း ဒေသတစ်ခုနှင့်တစ်ခုအကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် မရှိအောင် တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် ရည်ရွယ်ချက်နှင့် နယ်စပ်ဒေသများပါ မကျန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးပေးစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ပိုမိုစည်းလုံးချစ်ခင်ရန် နယ်မြေဒေသများ တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိလာစေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးရရှိရေးစသည့် ကဏ္ဍစုံအသီးသီးတွင်လည်း နောက်ကျမကျန်ရစ်ခဲ့ရအောင် တစိုက်မတ်မတ် ဆောင်ရွက်ပေးနေကြောင်း။

## သယံဇာတပေါကြွယ်ဝ

ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ မြောက်ဘက်စွန်းပိုင်း ရေမြေသယံဇာတပေါကြွယ်ဝသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ယခင်က ပြည်နယ်အတွင်း နယ်မြေအေးချမ်းသာယာမှု မရှိသည့်အတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးတို့တွင် အဘက်ဘက်က နောက်ကျကျန်ရစ်ခဲ့ရကြောင်း။

ယခုအခါ ပြည်နယ်အတွင်း နယ်မြေ အေးချမ်း တည်ငြိမ်မှုရှိလာပြီး မော်တော်ကားလမ်းအသစ်များ ဖောက်လုပ်ခြင်း၊ လမ်းအဟောင်းများကို တိုးတက်ပြုပြင်ခြင်း၊ မြစ်ကြီးနား–မန္တလေးမီးရထားလမ်းကိုလည်း အဆင့်မြှင့်တင် ဆောင်ရွက်နိုင်သည့်အပြင် မြစ်ကြီးနားလေဆိပ်၊ ဗန်းမော်လေဆိပ်၊ ပူတာအိုလေဆိပ်တို့ကို တိုးချဲ့ပြုပြင်တည်ဆောက်ခြင်းတို့ကြောင့် ကချင်ပြည်နယ်သည် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ယခင်ကထက် တစ်နှစ်ထက်တစ်နှစ် သိသိသာသာဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့မြင်ရပြီဖြစ်ကြောင်း။

## ဖွင့်လှစ်နိုင်

၁၉၈၈နောက်ပိုင်း မြန်မာတစ်နိုင်ငံလုံးတွင် ပေ ၁၈၀ အထက် တံတားကြီးပေါင်း ၁၉၉စင်းဖွင့်လှစ်ခဲ့ပြီး ယနေ့ဖွင့်လှစ်လိုက်သည့် ဖုန်အင် တံတားကြီးမှာ အစင်း ၂၀၀ မြောက် တံတားဖြစ်ကြောင်း၊ ကချင်ပြည်နယ် အနေဖြင့် ၁၅ စင်းမြောက် ဖွင့်လှစ်နိုင်ခဲ့သည့် ပေ ၁၈၀ အထက်တံတားကြီးတစ်စင်းဖြစ်ကြောင်း၊ နိုင်ငံတော် အစိုးရက နိုင်ငံတော်ကြီးအဘက်ဘက်မှ ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင်၊ ပြည်နယ်နှင့်တိုင်း ဒေသတစ်ခုနှင့်တစ်ခု လွယ်လင့်တကူ ကူးလူးဆက်သွယ်သွားလာနိုင်အောင် လမ်းမကြီးများ၊ တံတားကြီးများ၊ လေယာဉ်ကွင်းများတိုးချဲ့ဖောက်လုပ် တည်ဆောက်ပေးလျက်ရှိသည့် အချိန်တွင် ဒေသခံ တိုင်းရင်းသားပြည်သူများအနေဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းကူညီဆောင်ရွက်သွားကြပါ၊ ဤတံတားကြီး ရေရှည်တည်တံ့ခိုင်မြဲအောင်လည်း စောင့်ရှောက်သွားကြပါဟု ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက တံတား တည်ဆောက်ပေးရခြင်းနှင့် တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားရာတွင် ယခုတည်ဆောက်ပေးပြီးသည့် ဖုန်အင်တံတားအပါအဝင် ပေ၁၈၀နှင့် အထက်တံတားကြီးပေါင်း အစင်း ၂၀၀ အပြင် တပ်မတော်သားများ တည်ဆောက်ပေးခဲ့သည့် တံတား ၁၁ စင်း၊ မြန်မာ့မီးရထားက ခုနစ်စင်း၊ လျှပ်စစ်စွမ်းအားက နှစ်စင်းနှင့်ပါဆိုလျှင် ယနေ့အထိ တံတားပေါင်း အစင်း၂၂၀ ရှိသွားပြီဖြစ်ကြောင်း။

## တည်ဆောက်ဆဲ

ပေ ၂၀မှပေ၁၀၀ အတွင်း တံတားများက ၁၈၁၁ စင်းနှင့် ပေ ၁၀၀ မှ ပေ ၁၈၀အတွင်း အစင်းပေါင်း ၂၃၃ စင်း တည်ဆောက်ပေးခဲ့ပြီး ဆောက်လုပ်ဆဲ တံတားကြီး၊ တံတားလတ်၊ တံတားငယ်များရှိသေးကြောင်း၊ ဧရာဝတီတိုင်းတွင် ဖျာပုံတံတား၊ မြို့တွင်းတံတား၊ ကျွန်းကုန်တံတား၊ မန္တလေးတိုင်းတွင် ရတနာပုံတံတားတို့အပြင် အခြားတိုင်းနှင့် ပြည်နယ်များ၌လည်း ရှိကြောင်း၊ မြစ်ကြီးနားတွင် ဒွန်ဘန်တံတား၊ ရှမ်းပြည်နယ်တွင် ရွှေလီတံတား၊ လိန်းလီတံတား စသည်များ တည်ဆောက်ဆဲရှိနေကြောင်း။

ယခုဆိုလျှင် ကချင်ပြည်နယ်အနေဖြင့် ဖုန်အင်တံတား အပါအဝင် ပေ ၁၈၀နှင့်အထက် တံတားပေါင်း၄၂ စင်း ရှိပြီဖြစ်ကြောင်း။

ဆောက်လုပ်ရေး ဝန်ကြီးဌာနက တာဝန်ယူ ဆောင်ရွက်ပေးနေရသည့် လမ်းများမှာ ၁၉၈၈ ခုနှစ်အထိ တစ်နိုင်ငံလုံး လမ်းမိုင်အရှည် ၁၃၆၃၅မိုင် ရှိခဲ့ရာက ယနေ့ဆိုလျှင် လမ်းမိုင် ၁၉၀၂၀/၆ မိုင် ရှိလာသည့်အတွက် ၅၃၈၅/၆ မိုင် တိုးတက်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ကချင်ပြည်နယ်တွင် ၁၉၈၈ခုနှစ်အထိ လမ်းမိုင် ၁၄၇၁ မိုင် ရှိခဲ့ရာက ယနေ့ဆိုလျှင် ၁၆၅၂/၄ မိုင် ရှိလာပြီး ၁၈၁/၄ မိုင်အထိ တိုးတက်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

မြစ်ကြီးနား–ဆွမ်ပရာဘွမ်–ပူတာအိုလမ်းမိုင် ၂၁၈ မိုင်ကို အထူးဦးစားပေးလုပ်ငန်းကြီးအဖြစ် မြစ်ကြီးနားမှ ဆွမ်ပရာဘွမ်အထိ၁၃၂/၀မိုင်နှင့် ဆွမ်ပရာဘွမ်မှ ပူတာအိုအထိ ၁၃၂/၀ မိုင်မှ ၂၁၈/၀ မိုင်တို့ကို ရာသီမရွေး သွားလာနိုင်အောင် ကျောက်ချောလမ်းအဖြစ် ပထမအဆင့် ဆောင်ရွက်သွားမှာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးက တံတားကြီး တည်ဆောက်ဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်းနှင့် တံတားကြီးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

## ဖဲကြိုးဖြတ်ဖွင့်

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် ပရိသတ်များသည် တံတားကြီးကို ဖဲကြိုးဖြတ်ဖွင့်လှစ်မည့် မုခ်ဦးနေရာသို့ သွားရောက်နေရာယူကြပြီးနောက် မင်္ဂလာအချိန်တွင် တိုင်းမှူးနှင့်ဝန်ကြီးတို့က ဖုန်အင်တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဒေသခံ တိုင်းရင်းသားများနှင့်အတူ မင်္ဂလာမုခ်ဦးရှေ့တွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် ဖုန်အင်တံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဝန်ကြီးနှင့်အတူ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကာ တံတားကြီးပေါ်သို့ ဖြတ်သန်း ကြည့်ရှုကြသည်။

## ခံနိုင်ဝန်

ဖုန်အင်တံတားမှာ အောက်ခြေသံကူကွန်ကရစ်တိုင်နှင့် အပေါ်ထည် ဘေလီသံပေါင်နှင့် H-20 သံပေါင် တံတားဖြစ်ပြီး တံတားအရှည် ၂၃၅ပေ၊ ယာဉ်သွားလမ်း အကျယ် ၁၀ပေ ၆လက်မရှိ၍ တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန်၂၀ဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**



**နိုဝင်ဘာ ၂၀ရက်က ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာန၏ စီစဉ်မှုဖြင့် သာကေတမြို့နယ်အတွင်းရှိ ရပ်ကွက်များတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စနေနေ့တိုင်း ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၈ ရက်က ၁/အနော်မာရပ်ကွက်တွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုဦးနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဌေးနှင့်အဖွဲ့ဝင်များ တစ်အိမ်တက်ဆင်း ဆောင်ရွက်ကြစဉ်။**

(၃၀၂)

# စီးပွားဖြစ်သစ်ခွစိုက်ပျိုးနည်း သင်တန်းဖွင့်မည်

**ရန်ကုန် နိုဝင်ဘာ ၂၀**

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက ကြီးမှူးဖွင့်လှစ်မည့် စီးပွားဖြစ်သစ်ခွ စိုက်ပျိုးနည်းသင်တန်း အမှတ်စဉ်(၂/၂၀၀၆)ကို ဒီဇင်ဘာ ၁၁ရက်မှ ၂၂ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီအတွင်း သင်တန်းသား သင်တန်းသူ၅၀တို့ဖြင့် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ ပြည်ထောင်စုအေးရိပ်ငြိမ်ခန်းမဆောင်၌ ဖွင့်လှစ်ရန် စီစဉ်ထားသည်။

သင်တန်းကြေးအဖြစ် အသင်းဝင်များနှင့် အစိုးရဝန်ထမ်းများအတွက် ငွေကျပ် ၈၀၀၀၊ ပြင်ပပုဂ္ဂိုလ်များအတွက် ငွေကျပ် ၉၀၀၀ သတ်မှတ်ထားရာ တက်ရောက်လိုသူများသည် ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံး ဖုန်း–၃၇၉၃၆၁ တို့သို့ ဆက်သွယ်တက်ရောက်နိုင်ကြသည်။

(၃၀၈)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၁–၁၁–၂၀၀၆ (အင်္ဂါနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | သဘာဝကပေးတဲ့ အကျိုးအာနိသင် |
| ၇း၁၅ | တေးဂီတအစီအစဉ် |
| ၇း၂၀ | **“ညှော်မယ်ဇို့”** ခန့်စည်သူ၊ ငှက်ပျောကြော်၊ မိုးပြည့်ပြည့်မောင်၊ တက္ကသိုလ်ငွမ်းပုံ (ဒါရိုက်တာ–ဖုန်းမြင့်အောင်) |
| ၇း၃၀ | တေးဂီတအစီအစဉ် |
| ၇း၃၅ | Sunday Talk |
| ၈း၂၀ | စည်းကမ်းလိုက်နာ ဘေးကင်းကွာ (လူကူးမျဉ်းကျားကကူးမယ်) |
| ၈း၂၅ | တေးဂီတအစီအစဉ် |
| ၈း၃၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၈း၄၀ | တေးဂီတအစီအစဉ် |
| ၈း၄၅ | နိုင်ငံတကာအနုပညာရေးရာ |
| ၉း၀၅ | တေးဂီတအစီအစဉ် |
| ၉း၁၀ | ပရိတင်းဓာတ်ကြွယ်ဝဖို့ ငါးအသားလွှာစားကြစို့ |
| ၉း၂၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၃၀ | ကြည်နူးနားဆင်ဂီတသံစဉ် |
| ၉း၄၀ | မိုးလေဝသခန့်မှန်းချက် |
| ၉း၄၅ | တေးဂီတအစီအစဉ် |
| ၉း၅၀ | သီးနှံစိုက်ပျိုးအထွက်တိုး ‘စပါးပေါင်းပင်’ |
| ၉း၅၅ | တေးဂီတအစီအစဉ် |
| ၁၀း၀၀ | အောင်မြင်ပျော်ရွှင် ဇနီးမောင်နှံဘဝတွင် (ကိုဖြိုးဝေဇော်နှင့် မေကဗျာ) |
| ၁၀း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၂၅ | တေးဂီတအစီအစဉ် |
| ၁၀း၃၀ | ဓလေ့ရိုးရာရှမ်းရွာလေးများ |
| ၁၀း၄၀ | တေးဂီတအစီအစဉ် |
| ၁၀း၄၅ | ရေပျော်ငှက်တို့နားခိုရာ |
| ၁၀း၅၀ | တေးဂီတအစီအစဉ် |
| ၁၀း၅၅ | အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **‘ပွဲတင်သည့်ကံ’** |
| ၁၁း၂၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၂၅ | တေးဂီတအစီအစဉ် |
| ၁၁း၃၀ | သံချည်သံကွေး အတတ်ပညာ (အပိုင်း–၂) |
| ၁၁း၄၀ | တေးဂီတအစီအစဉ် |
| ၁၁း၄၅ | သင်ယူစရာပန်းချီပညာ (စိတ်ကူးအာရုံဖြင့် ရေးဆွဲခြင်း) |
| ၁၂း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

# အထက (၁)လမ်းမတော် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၀**

(၁၉၆၈–၁၉၈၄) ပညာသင်နှစ် အထက(၁)လမ်းမတော် (စိန့်ဂျွန်း) ကျောင်းသားဟောင်းများ၏ တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ၂၄ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် စွမ်းအားခန်းမ(ကျောင်းခန်းမကြီး)တွင်ကျင်းပမည်ဖြစ်ရာ ကြည်နူးပီတိဖြစ်ဖွယ်ရာ စုံညီကုသိုလ်ယူပွဲသို့ တက်ရောက်ကြပါရန်နှင့် အလှူငွေများကိုလည်း နီးစပ်ရာကျောင်းသားဟောင်း အမှုဆောင်များထံတွင် လှူဒါန်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# Champion League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁၁း၅၅ | CSKA Moscow-Porto | 5-Sports(Live) |
| ၂း၀၀ | Celtic-Man:Utd | 5-Sports(Live) |
| | Arsenal-Hamburg | 5-Series(Live) |

# မော်လမြိုင်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၀

**မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းက မော်လမြိုင် စက်မှုဇုန်ရှိ ရာဇာမင်းမော်တော်ယာဉ်ထုတ်လုပ်ရေး အလုပ်ရုံသို့ ရောက်ရှိရာ မော်တော်ယာဉ်ထုတ်လုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးညီညီထွေးက မော်တော်ယာဉ်ထုတ်လုပ်ရေးစခန်းဝင်းအတွင်း ၁၂ ဘီး ကုန်တင်ယာဉ် ထုတ်လုပ်ထားရှိမှုနှင့် ကားဘော်ဒီများ ထုတ်လုပ်နေမှုတို့ကို လှည့်လည် ရှင်းလင်းပြသသည်။**

## ကြိုးပမ်းဆောင်ရွက်

ထို့နောက် တိုင်းမှူးသည် ရာဇာမင်း မော်တော်ယာဉ်ထုတ်လုပ်ရေး ရှင်းလင်းဆောင်၌ ၁၂ ဘီး ကုန်တင်ကား ထုတ်လုပ်ခြင်း၊ ယာဉ်ငယ်များ ထုတ်လုပ်ခြင်း၊ ရာဇာမင်း Light Truck တစ်တန်ကား ထုတ်လုပ်ခြင်း လုပ်ငန်း အဆင့်ဆင့်ပုံစံကားချပ်များကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား အရည်အသွေးမြင့်မားသော မော်တော်ယာဉ်များ ထုတ်လုပ်သွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် အရှေ့တောင်တိုင်းစစ်ဌာနချုပ် မျှော်လင့်စိုက်ပျိုးရေး မွေးမြူရေးစခန်းသို့ သွားရောက်၍ လယ်မြေဧက ၈၀ ၌ မိုးစပါးဖြစ်ထွန်းအောင်မြင်မှုနှင့် တိုင်းစစ်ဌာနချုပ်မှ စစ်သည်များနှင့်မိသားစုဝင်များ စုပေါင်းစပါးရိတ်သိမ်း ခြွေလှေ့နေမှုတို့ကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအားလိုအပ်သည်များ မှာကြားသည်။

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးသည် တိုင်းစစ်ဌာနချုပ် အုတ်ထုတ်လုပ်ရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တိုင်းစစ်ဌာနချုပ် မျှော်လင့်ငါးမွေးမြူရေး စခန်းရှိ ငါးမွေးမြူရေးကန် စုစုပေါင်း ငါးကန် ၃၁ ကန်၌ တီလားပီးယား၊ ငါးခုံးမနှင့် ငါးမြစ်ချင်း သားပေါက်ကောင်ရေ နှစ်သိန်းကျော် ထည့်သွင်းမွေးမြူထားရှိမှုနှင့် ငါးကန်များမှ ငါးများ ဖော်ထုတ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အရှေ့တောင်တိုင်း စစ်ဌာနချုပ် မျှော်လင့် မွေးမြူရေး ငါးကန်များမှ နှစ်စဉ် ငါးပိဿာချိန် နှစ်သောင်းကျော် မွေးမြူ ထုတ်လုပ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



အောက်တိုဘာ ၂၉ ရက်က တောင်ဥက္ကလာပမြို့နယ် (၁၅)ရပ်ကွက် (၅)ဝိုင်း သီတဂူကျောင်း ဆရာတော် ဘဒ္ဒန္တပဏ္ဍိဝ သာသနဓဇ သိရီပဝရ ဓမ္မာစရိယထံ တန်ဖိုးငွေကျပ် ၁၀ သိန်းရှိ ကြာသင်္ကန်းဒွိစုံများကို အလှူရှင် အဘွား ဒေါ်မြခင်နှင့် ဖခင် ဦးဇော်မြင့်၊ မိခင် ဒေါ်ပန်းစီမြဟန်(ခ) ဒေါ်နွယ်နီဟန်တို့ကို အမှူးထား၍ သား မောင်ရဲမင်းဇော် မိသားစုက ဆက်ကပ်လှူဒါန်းစဉ်။ (၁၉၂)

# ဇီဝိတဒါနသံဃာ့ဆေးရုံကြီး ခြောက်ထပ် တိုးချဲ့ဆေးရုံ အဆောက်အအုံသစ် ပန္နက်တင်မင်္ဂလာကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၀**

ဇီဝိတဒါန သံဃာ့ဆေးရုံကြီး ခြောက်ထပ် တိုးချဲ့ဆေးရုံ အဆောက်အအုံသစ် အုတ်မြစ်စီမင်္ဂလာနှင့် ပန္နက်တင်မင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၁၉ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အဆိုပါဆေးရုံကြီး ဝင်း၌ကျင်းပရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ နာယကများ၊ ဥက္ကဋ္ဌ ဦးမောင်တင်နှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ သီလရှင်ဆေးရုံကြီးကြပ်ရေး အမျိုးသမီးအဖွဲ့ နာယကများ၊ ဥက္ကဋ္ဌ ဒေါ်ခင်မြင့်မြင့်နှင့် အဖွဲ့ဝင်များ၊ စေတနာရှင် အထူးကုဆရာဝန်ကြီးများနှင့် အလှူရှင်များ တက်ရောက်ကြပြီး မင်္ဂလာအချိန်တွင် ရွှေကြုတ်မြှုပ်ခြင်း၊ အုတ်မြစ်စီခြင်းနှင့် ပန္နက်တင်ခြင်းအခမ်းအနားကို တက်ရောက်လာကြသူများက တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကျင်းပကြသည်။

အဆိုပါ ဇီဝိတဒါန သံဃာ့ဆေးရုံကြီး ခြောက်ထပ် တိုးချဲ့ဆေးရုံ အဆောက်အအုံသစ်အတွက် လှူဒါန်းလိုသူများသည် ဆေးရုံကြီး အလှူခံဌာနသို့ နံနက် ၈ နာရီမှ ညနေ ၄ နာရီအတွင်း ပိတ်ရက်မရှိ လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# စက်ရုံ၏ ချက်လုပ်မှုနှင့် ဖြန့်ဖြူးနိုင်မှု အမြဲဂရုစိုက် စွမ်းအားပြည့်လည်ပတ်ရေး ကြိုးစားဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၂၀

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၁၈ ရက်က မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း၏ ပင်မသိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ(ဓနိတော)သို့ ရောက်ရှိရာ ဌာနခွဲ အစည်းအဝေးခန်းမ၌ အထွေထွေမန်နေဂျာ ဦးမြင့်ဇော်က စက်သုံးဆီသိုလှောင်ကန်များ၏ သိုလှောင်နိုင်မှုစွမ်းအား၊ စက်သုံးဆီ လက်ခံရရှိမှုနှင့် ဖြန့်ဖြူးမှုအခြေအနေနှင့် အရန်ဆီသိုလှောင်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက စက်သုံးဆီ အလေအလွင့်မရှိစေရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ ဝန်ထမ်းများ မသမာမှု ပပျောက်စေရေးအတွက် ဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို တိတိကျကျလိုက်နာဆောင်ရွက်ကြရေး၊ လိုက်နာမှု မရှိပါက ထိရောက်စွာ အပြစ်ပေးအရေးယူသွားရေးတို့ကို မှာကြားသည်။**

## စီမံထား

ထို့နောက် ဝန်ကြီးသည် ပင်မသိုလှောင်ဖြန့်ဖြူးရေး ဌာနခွဲဝင်းအတွင်း၌ ဌာနခွဲဝန်ထမ်းများ၏ မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်မှု သရုပ်ပြခြင်းကို ကြည့်ရှုစစ်ဆေးပြီး မီးဘေးကာကွယ်ရေးအတွက် အချိန်တိုင်း အသင့်ဖြစ်နေစေရန် မီးသတ်ဆေးဘူး အသုံးပြုမှုကို ဝန်ထမ်းတိုင်း လေ့ကျင့်ထားရှိစေရန် မှာကြား၍ မီးသတ်ဆေးဘူးများနှင့် အမြှုပ်ထ မီးသတ်ဆေးများကို ကြည့်ရှုစစ်ဆေးကာ ဓာတုဗေဒပစ္စည်းများ အမြဲကောင်းမွန်နေအောင် စီမံထားကြရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် စက်သုံးဆီ သိုလှောင်ကန်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုံခြုံရေးကို အထူးဂရုစိုက်ကြရန် မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

## ကြိုးစားဆောင်ရွက်

ယင်းနောက် ဝန်ကြီးသည် ရန်ကုန်တိုင်း သန်လျင်မြို့နယ်ရှိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၏ အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ဒုတိယ စက်ရုံမှူး ဦးမြင့်ဦးက စက်သုံးဆီ ချက်လုပ်မှုနှင့် ဖြန့်ဖြူးမှုအခြေအနေ၊ ဖယောင်းတိုင် ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုအခြေအနေ၊ ပီပီအိတ်စက်ရုံ(က)၏ ထုတ်လုပ်ဖြန့်ဖြူးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက စက်ရုံ၏ ချက်လုပ်နိုင်မှုစွမ်းအား ဖြန့်ဖြူးနိုင်မှုအခြေအနေနှင့် သိုလှောင်နိုင်မှု စွမ်းအားတို့ကို အမြဲဂရုစိုက်ကြရန်၊ စက်ရုံစွမ်းအားပြည့် လည်ပတ်နိုင်ရေး ကြိုးစားဆောင်ရွက်သွားကြရန်၊ ဝန်ထမ်းများ အကျင့်သီလကောင်းမွန်ရေး၊ နိုင်ငံပိုင်ပစ္စည်းများ လေလွင့်ဆုံးရှုံးမှု မရှိစေရေးတို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံဝင်းအတွင်းရှိ ပီပီအိတ်စက်ရုံ(ခ)၏ စမ်းသပ်လည်ပတ်နေမှု အခြေအနေကိုလည်းကောင်း၊ ဂါလန် ၄ ဒသမ ၅ သန်းဆံ့ သံကန်တည်ဆောက်နေမှု အခြေအနေကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကြည့်ရှုစစ်ဆေး

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ သန်လျင် အမှတ်(၁) ရေနံချက်စက်ရုံဝင်းအတွင်းရှိ ဂါလန် ၄ ဒသမ ၅ သန်းဆံ့ သံကန်တည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။** (စွမ်းအင်)





**နိုဝင်ဘာ ၁၉ ရက်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် ဒါရိုက်တာ အကယ်ဒမီ စင်ရော်မောင်မောင်အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။** (သတင်း-၈) (သတင်းစဉ်)

# ဝန်ကြီးဌာန၏ညွှန်ကြားချက်နှင့် စည်းမျဉ်းများ လိုက်နာဆောင်ရွက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ရွှေပြည်သာ ရေနံမြေစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၀

**စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် နိုဝင်ဘာ ၁၈ ရက်တွင် ဧရာဝတီတိုင်း မြန်အောင်မြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရွှေပြည်သာရေနံနှင့် သဘာဝဓာတ်ငွေ့မြေသို့ ရောက်ရှိရာ ရေနံမြေ ရှင်းလင်းခန်းမဆောင်၌ အထွေထွေမန်နေဂျာနှင့် ဌာနမှူးများက တွင်းသစ်အမှတ်(၅၉)၏ ရေနံတူးဖော်ထုတ်လုပ်ရရှိနေမှုများနှင့် တိုးမြှင့်ထုတ်လုပ်ရရှိနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက ကုန်းတွင်းပိုင်းရေနံမြေများမှ ရေနံအထွက်တိုးရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်နေရာ ရွှေပြည်သာရေနံနှင့် သဘာဝဓာတ်ငွေ့မြေအနေဖြင့် အဆင့်အတန်းအားလုံး၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် သဘာဝအလျောက် အထွက်နှုန်းကျဆင်းလာမှု (Natural Decline)ကို ထိန်းထားနိုင်မှုအတွက် အသိအမှတ်ပြုပါကြောင်းနှင့် လုပ်ငန်းလိုအပ်ချက်များကို မေးမြန်းဆွေးနွေးသည်။**

ထို့နောက် ဒုတိယဝန်ကြီးသည် တွင်းသစ်အမှတ်(၅၉)ကို အောင်မြင်စွာ တူးဖော်ခဲ့ကြသော ကြီးကြပ်ရေး အင်ဂျင်နီယာနှင့် ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေများကို ပေးအပ်ပြီး အဆိုပါ တွင်းမှ ရေနံထွက်ရှိနေမှုနှင့် တွင်းသစ်အမှတ်(၆၀)တူးဖော်ရန် ပြင်ဆင်နေမှုများကို လိုက်လံ ကြည့်ရှုစစ်ဆေးသည်။

ရွှေပြည်သာရေနံနှင့် သဘာဝဓာတ်ငွေ့မြေအနေဖြင့် လျာထားချက်ထက်ကျော်လွန်၍ တွင်းပေါင်း ၁၂ တွင်းမှ နေ့စဉ် ရေနံ ၄၁၅ စည်ခန့် ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

## လိုက်နာဆောင်ရွက်

ဒုတိယဝန်ကြီးသည် နိုဝင်ဘာ ၁၉ ရက်တွင် မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း၏ စက်သုံးဆီ အရောင်းဆိုင်အမှတ်(၀၉၆၀) အင်္ဂပူမြို့၊ အရောင်းဆိုင်အမှတ်(၀၁၇၂) ဟင်္သာတမြို့များသို့ သွားရောက်၍ စက်သုံးဆီ ဖြန့်ဖြူးရောင်းချနေမှု၊ သိုလှောင်ထားရှိမှု၊ စာရင်းဇယားများ ကိုက်ညီမှန်ကန်မှု ရှိ မရှိ၊ အချိန်အတွယ် မှန်ကန်မှု ရှိ မရှိတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်သူ့ဝန်ထမ်းကောင်းများပီပီ ပြည်သူများအပေါ် ပြည့်စုံကောင်းမွန်သည့် ဝန်ဆောင်မှုများပေးနိုင်ရေး၊ ဝန်ကြီးဌာန၏ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်ရေးတို့ကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ လယ်ယာ/ ဆည်မြောင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနသရေကျ

**ရန်ကုန် နိုဝင်ဘာ ၂၀**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၆-၂၀၀၇ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း (မြန်မာလိဂ်) အမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ လယ်ယာ/ဆည်မြောင်းအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။

ကာကွယ်ရေးဝန်ကြီးဌာနအသင်းအတွက် ဦးဆောင်ဂိုးကို ပထမပိုင်းတွင် အောင်ကိုမင်းက သွင်းယူပေးသည်။ လယ်ယာ/ဆည်မြောင်းအသင်းအတွက် ချေပဂိုးကို ဒုတိယပိုင်းတွင် ခင်မောင်လွင်က သွင်းယူပေးသည်။

## ယနေ့ပွဲ

နိုဝင်ဘာ ၂၁ ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဘဏ္ဍာ/အခွန်အသင်းနှင့် စွမ်းအင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

# မြန်မာ့ရုပ်မြင်သံကြား

**၂၁-၁၁-၂၀၀၆ ရက် (အင်္ဂါနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၅ ၆။ အကပြိုင်ပွဲ
၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၂၀ ၈။ သုံးဆယ်ရေလှောင်တမံ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Let's Go
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြုများ) [ဓာတုဗေဒ]
၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇:၀၀ ၅။ ခံစားနားဆင် တေးဇာတ်ဝင်
၁၇:၁၀ ၆။ **"စည်းကမ်းလိုက်နာ ဘေးကင်းမှာ"** (လူကူးမျဉ်းကျားမှကူးမယ်)
၁၇:၂၀ ၇။ ဆိုကြမယ် ပျော်ကြမယ်
၁၈:၀၀ ၈။ ညနေခင်းသတင်း
၁၈:၃၀ ၉။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၀။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"တောတွင်းသားငယ်လေး"** (အပိုင်း-၂၈)
၁၈:၅၀ ၁၁။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၁၉:၀၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ခြင်းနှင့်အတူ"** (အပိုင်း-၂၀)
၂၀:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"တကယ်သဘောကျတယ်"** (အပိုင်း-၂)
၁၇။ နောက်တစ်နေ့အစီအစဉ်
၁၈။ အစီအစဉ်ပြီး၏။


သတ္တမအကြိမ်
မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ
ရန်ကုန်မြို့
၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ (၂၅-၂၆) ရက်နေ့

သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ
ဆောင်ပုဒ်များ
❐ သမားတော်များ ညှိနှိုင်းလို့ ဆေးစွမ်းကောင်းတွေ ဖော်ထုတ်စို့၊
❐ ပြည်သူတို့ရဲ့ကျန်းမာရေး တိုင်းရင်းဆေးဖြင့်စောင့်ရှောက်ပေး၊
❐ တိုင်းရင်းသမားတော်များ ညီလာခံ ညီညွတ်မှုကို အခြေခံ၊ တစ်မျိုးသားလုံးကျန်းမာရေး ပိုင်းဝန်းအားထုတ်ဆောင်ရွက်ပေး။
၂၀၀၆ခုနှစ်၊ နိုဝင်ဘာလ (၂၅-၂၆)ရက်နေ့ ရန်ကုန်မြို့။

# သံပရာအကြောင်း တစေ့တစောင်း

သံပရာပင်သည် မြန်မာ့တိုင်းရင်းဆေးပညာ လောကတွင် အထူးထင်ရှားလှသော အပင်ဖြစ်၍ တိုင်းရင်းဆေးသမားတော်များက ဆေးဝါးဖော်စပ်ရာတွင် တစ်နည်း၊ ဓာတ်စာအဖြစ်တစ်သွယ်၊ အစားအသောက်အဖြစ် တစ်ခန်း၊ ရေလဲအဖြစ် တစ်ဖုံ စုံလင်စွာအသုံးပြုလေ့ရှိကြ၏။ ဤမျှ အသုံးတွင်လှသော သံပရာပင်၏ ရုက္ခဗေဒအမည်မှာ Citurs medica var. acida Linn ဖြစ်၏။ RUTACEAE ဟူသော ရှောက်မျိုးရင်း၌ ပါဝင်၏။ ၎င်းသံပရာကို ဟိန္ဒီဘာသာဖြင့် နီ-ဗူ၊ အင်္ဂလိပ်ဘာသာဖြင့် Lime or Sour Lime ဟု ခေါ်၏။ သံပရာသီးသတ္တုရည်(သံပရာသီးကို လှီးဖြတ်၍ ညှစ်ယူရရှိသော အရည်)အား သကြား၊ ဆား၊ ရေသန့်နှင့် ဖျော်ထားသည့် Lime juice လိုင်း(မ်)ဂျူ့စ်ခေါ် သံပရာရည်ကိုမူ လူတိုင်းနီးပါး သောက်ဖူးကြမည် ဖြစ်ပေ၏။

## သံပရာပင်၏ ပုံသဏ္ဌာန်၊ သဘာဝနှင့် ပေါက်ရောက်ပုံ

သံပရာပင်၏ ပုံသဏ္ဌာန်မှာ ထင်ရှား၍ လူတိုင်းလိုလို သိမြင်ဖူးကြမည်ဖြစ်၏။ သံပရာပင်သည် အပင်ငယ်မျိုးဖြစ်၏။ အကိုင်းအခက်များ သေးငယ်ပြီး ဘေးဘက်သို့ ကိုင်းဖြာတတ်၏။ အပင်၏ အမြင့်သည် ၁၀ပေမှ ၁၅ပေထိ ရှိတတ်၏။ တစ်ပင်လုံး၌ သေးငယ်သော ဆူးချွန်များရှိတတ်၏။ အရွက်မှာမူ ရွက်ထိပ်ချွန်၍ ရွက်ရင်းသွယ်၏။ ရွက်လွှဲထွက်သကဲ့သို့ ရွက်ညှာရင်း၌ ချွန်ထက်နေသော ဆူးရှိ၏။ သို့သော် သံပရာအနံ့သည်လဲ ရင်ကိုအေးမြစေတတ်၏။ သံပရာပွင့်လေးများမှာ အခိုင်အသေးလေးထွက်ပြီး အဖြူရောင်အပွင့်ကလေးများ ပွင့်လေ့ရှိ၏။ မွှေးကြိုင်သင်းပျံ့သော အနံ့အနည်းငယ်ရှိ၏။ သံပရာပင်တွင် အခွံပါးကာ လုံးဝိုင်းသည့် အသီးသီးသောအပင်ကို ဗမာသံပရာဟုခေါ်ကြ၏။ သံပရာသီးမှာ အခွံပျော့သီးဖြစ်သည့်အပြင် အသီးနုစဉ်ကာလ၌ အစိမ်းရောင်ရှိ၍ မှည့်လာပါက အဝါရောင်ပြောင်းသွားလေ့ရှိ၏။ သံပရာသီးသည် အရည်ရွှမ်းသော အသီးလဲဖြစ်၏။ ဟော်လန်သံပရာ ဟူသည့် အလုံးကြီးသောမျိုးလဲတွေ့ရ၏။ သံပရာနှင့်ဆင်တူသော သံပရိုဟူသည့် အပင်လဲရှိသေး၏။ ယခုတင်ပြမည့် ဗမာသံပရာပင်သည် မြန်မာနိုင်ငံအနှံ့အပြားရာသီဥတုမရွေး စိုက်ပျိုးဖြစ်ထွန်းနိုင်ကြောင်း တွေ့ရ၏။ ပေ ၃၀၀၀ကျော်မြင့်သောဒေသများ၌ပင် အောင်မြင်စွာ ဖြစ်ထွန်းနိုင်ကြောင်း မှတ်သားမိ၏။ ဗမာသံပရာပင် စိုက်ပျိုးရာတွင် သဘာဝမြေဩဇာပေါများစွာ ရရှိပါက ပိုမိုအောင်မြင် ဖြစ်ထွန်းလေ့ရှိကြောင်း သိရ၏။

## ဆေးကျမ်းများလာ သံပရာ

သံပရာသီးအား နိုင်ငံအသီးသီးတွင် စားပင်၊ ဆေးပင်အဖြစ် အသုံးပြုစိုက်ပျိုးကြ၏။ အချို့သော တိုင်းပြည်များတွင်မူ စားပင်၊ ဆေးပင်အဖြစ်သာမက သုတေသနလုပ်ငန်းများ၌ တွင်ကျယ်စွာ အသုံးပြုနိုင်ရန် အလို့ငှာ အများအပြား စိုက်ပျိုးလေ့ရှိကြ၏။ သိပ္ပံပညာရှင်များ အဆိုအမိန့်များ၊ မြန်မာ့ဆေးကျမ်းများအလိုအရ သံပရာသီးသည် ရောဂါဖြစ်စေနိုင်သော ပိုးများစွာကို သေစေနိုင်သည်ဟု လက်ခံထားကြ၏။ အာယုဗ္ဗေဒကျမ်းများအဆိုအရမူ သံပရာသီးသည်ချဉ်၏၊ ပူ၏၊ လေကိုပယ်ဖျက်တတ်၏၊ ဝမ်းမီးကို ဖျက်တတ်၏၊ ဝမ်းကိုက်ရောဂါကိုနိုင်၏၊ ပင်ပန်းခြင်းကိုပယ်တတ်၏၊ နှုတ်ကိုမြိန်စေတတ်၏။ ဒေါသသုံးပါးကြောင့်ဖြစ်သော ရောဂါများဖြစ်သည့် အဖျားရောဂါအမျိုးမျိုး၊ ဝမ်းမီးညံ့ခြင်းများ၊ ကာလဝမ်းရောဂါ စသည်တို့ကို သက်သာပျောက်ကင်းစေတတ်၏ဟု ပြဆိုထား၏။ သံပရာသီးသည် ယခုဖော်ပြသည့် ရောဂါများကို သက်သာစေနိုင်သော အကြောင်းတစ်ချက်မှာ ၎င်း၏စူးရှထက်မြက်သည့် အချဉ်အရသာတွင် ပါဝင်သော လဟု၊တိက္ခ၊ မုဒုဂုဏ်များကြောင့်ဖြစ်၏။ သံပရာသီးသည် ဗီတာမင်စီဓာတ် များစွာပါသော အစားအစာဖြစ်သည်သာမက ဗီတာမင် အေဓာတ်၊ သံဓာတ်၊ မီးစုန်းဓာတ်နှင့်ထုံးဓာတ်များလဲ အချိုးကျပါဝင်နေကြောင်း တွေ့ရလေ၏။

## ရင်ကျပ်၊ ချောင်းဆိုး၊ ပန်းနာများအတွက် သံပရာ

သံပရာသီးသည် ရောဂါအများအပြားကို ကာကွယ်နိုင်သကဲ့သို့ ရောဂါဖြစ်ပွားပါကလဲ သက်သာပျောက်ကင်းစေနိုင်ကြောင်း တွေ့ရလေ၏။ ရင်ကျပ်၊ ချောင်းဆိုး၊ ပန်းနာရောဂါဝေဒနာများအတွက် သံပရာသီး သတ္တုရည်က ထိရောက်စွာ ကာကွယ် ကုသပေးနိုင်ကြောင်းတွေ့ရ၏။

ယခုတင်ပြသော ရောဂါများအတွက် (သံပရာရည်စစ်စစ်)သံပရာသီးသတ္တုရည် လက်ဖက်ရည်ဇွန်း တစ်ဇွန်းကို ပျားရည်လက်ဖက်ရည်ဇွန်း တစ်ဇွန်းခွဲ ရောစပ်ကာ နေ့စဉ်ထမင်းစားဇွန်းတစ်ဇွန်း စားပေး၊ လျက်ပေးရမည်ဖြစ်၏။ ထိုအခါ ရင်ကျပ်၊ ချောင်းဆိုး၊ ပန်းနာရောဂါများ တဖြည်းဖြည်း သက်သာပျောက်ကင်းစေနိုင်ကြောင်း တွေ့ရမည်ဖြစ်၏။

## သွေးတိုးနှင့်သံပရာသီး

သွေးတိုးရောဂါသည် မြန်မာနိုင်ငံ၏ အဓိကရောဂါကြီးခြောက်မျိုးတွင် ပါဝင်၏။ ထို့အတူ အဖြစ်များလှသော ရောဂါဖြစ်လေ၏။ သွေးတိုးရောဂါအတွက် ယခုတင်ပြမည့်နည်းသည် ရိုးစင်းလွယ်ကူသကဲ့သို့ ထိရောက်မှုရှိ၏။ ဦးစွာ သံပရာသီး လတ်လတ်ဆတ်ဆတ်တစ်လုံးကို ထက်ခြမ်းခွဲရ၏။ ထိုထက်ခြမ်းခွဲထားသော သံပရာသီးကို ဖန်ခွက်တစ်ခွက်ထဲ၌ထည့်လျက် ရေနွေးပွက်ပွက်ဆူ လောင်းထည့်ရ၏။ နာရီဝက်မျှ အဖုံးအုပ်ထားရ၏။ သောက်နိုင်ရုံ အပူခပ်နွေးနွေးရောက်လျှင် သောက်ပေးပါက သွေးတိုးရောဂါ သက်သာစေနိုင်၏။

## LDL cholesterol (သိပ်သည်းမှုနည်းသော အဆီဓာတ်)နှင့် သံပရာသီး

တိရစ္ဆာန်ထွက်အဆီများ၊ အဆီအစိမ့်များသော အစားအစာများ အစားများပါက ခန္ဓာကိုယ်သွေးကြောများ၌ Low Density Lipoprotein Cholesterol ခေါ် သိပ်သည်းမှုနည်းသော အဆီဓာတ် ကိုလက်စထရောလ်များ ပိုလျှံနေတတ်၏။ အဆိုပါ Cholesterol များ ကျဆင်းစေရန် သံပရာသီးက အထောက်အကူပေးနိုင်၏။ အဆိုပါရောဂါအတွက် အထက်ဖော်ပြပါနည်းနှင့် ဆင်တူသောနည်းကို ပြုလုပ်ရမည် ဖြစ်၏။

### ဝင်းထိန်ကျော်
### ( တိုင်းရင်းဆေးပညာဦးစီးဌာန )

နှစ်ချို့ စမုန်စပါး(အနည်းဆုံး တစ်နှစ်ကျော်ပြီးသော စမုန်စပါး) လက်ဖက်ရည်ဇွန်း တစ်ဇွန်းကို သန့်စင်အောင်ပြုလုပ်လျက် ဖန်ခွက်တစ်လုံးတွင် ထည့်ရ၏။ သံပရာသီး လတ်လတ်ဆတ်ဆတ် တစ်လုံးကိုလဲ ရေစင်အောင်ဆေးလျက် ထက်ခြမ်းခြမ်းကာ အဆိုပါဖန်ခွက်၌ ထည့်ရန်လို၏။ ရေနွေးပွက်ပွက်ဆူကို စမုန်စပါးနှင့် သံပရာသီး ထည့်ထားသော ခွက်အတွင်း ဖန်ခွက်၏ ငါးပုံလေးပုံခန့် လောင်းထည့်ရန်လို၏။ ဖန်ခွက်အပေါ်မှ အဖုံးအုပ်ထားရ၏။ နာရီဝက်မျှကြာပါက သောက်နိုင်ရုံ ခပ်နွေးနွေးရပြီဖြစ်၏။ အဆိုပါအရည် ခပ်နွေးနွေးအား တစ်ခါသောက်လျှင် တစ်ဖန်ခွက်နှုန်း၊ တစ်နေ့နှစ်ကြိမ် သောက်ပေးခြင်းဖြင့် ခန္ဓာကိုယ်သွေးကြောများတွင် အကျိုးမပြုသော Cholesterol များ ကျဆင်းစေပြီး အမူး၊ အမောနှင့် သွေးတိုးရောဂါကို သက်သာပျောက်ကင်းစေနိုင်၏။

## ဝမ်းလျှော ဝမ်းပျက်ရောဂါ၊ အရေပြားရောဂါများ

အရည်ရွှမ်းသည့် သံပရာသီးတစ်လုံးကို အရည်ညှစ်ယူ၍ ရေနွေးပွက်ပွက်ဆူတစ်ဖန်ခွက်တွင် လောင်းထည့်ကာ သကြားဟင်းစားဇွန်းနှစ်ဇွန်း၊ ဆားလက်ဖက်ရည်ဇွန်း သုံးပုံတစ်ပုံထည့်လျက် သောက်နိုင်ရုံ အပူနွေးနွေးရောက်သည့်အခါ သောက်ပေးပါက ဝမ်းလျှော ဝမ်းပျက်ရောဂါများ တဖြည်းဖြည်း သက်သာပျောက်ကင်းစေမည် ဖြစ်၏။ သံပရာရည်ကို နေ့စဉ် ပုံမှန်သောက်ပေးခြင်းဖြင့် မောပန်းခြင်း သက်သာစေပြီး ဗိုင်းရပ်စ်နှင့် ဗက်တီးရီးယားပိုးအချို့ကို ကာကွယ်နိုင်စေမည်ဖြစ်၏။ သံပရာသီး အစိမ်း၏ အခွံကို စားပေးပါက လေနာ၊ ရင်နာတို့ကို သက်သာပျောက်ကင်းစေနိုင်၏။ အရေပြားတွင် ယားနာများ၊ အမည်းကွက်များဖြစ်ခဲ့လျှင်လဲ သံပရာသီးအား ထက်ခြမ်းခြမ်း၍ ပွတ်တိုက်ပေးရ၏။ မျက်နှာရှိ တင်းတိပ်များကိုမူ နံ့သာဖြူနှင့်လေးညှင်းကို သံပရာရည်နှင့်သွေး၍ ခပ်ပါးပါး လိမ်းပေးရ၏။ နေ့စဉ်မှန်မှန်ပြုလုပ်ပါက တဖြည်းဖြည်းသက်သာပျောက်ကင်းစေမည်ဖြစ်၏။ ခန္ဓာကိုယ်အအေးပတ်၍ အေးစက်နေသော အစိတ်အပိုင်းနေရာများကိုမူ နံ့သာဖြူနှင့် သံပရာရည် သွေးလိမ်းပေးခြင်းဖြင့် သက်သာရာရ စေနိုင်၏။

## အစာအဆိပ်သင့်ခြင်း၊ အဆစ်အမျက်ရောင်ကိုက်ခြင်း

အစာမကြေခြင်း၊ အစားအသောက်မှား၍ အစာအဆိပ်သင့်ခြင်း ဖြစ်ခဲ့ပါက သံပရာအရည်ကို သကြားအနည်းငယ်ထည့်၍ မကြာခဏ သောက်ပေးရ၏။ ထမင်းစားပြီး အစာမကြေဘဲ အော့အန်ပါကလဲ လတ်ဆတ်သည့် သံပရာရည်ကို သောက်ပေးခြင်းဖြင့် သက်သာပျောက်ကင်းစေနိုင်၏။ သရက်ရွက်ကြီးခြင်း၊ ရောင်ခြင်းဖြစ်လျှင် သံပရာသီးသနပ်ကို ထမင်းနှင့် အမြဲစားသုံးပေးပါက အကျိုးရှိလှ၏။ သံပရာရည်ကို သကြားခတ်၍ သောက်ပေးပါက သည်းခြေအားနည်းခြင်း၊ အဆစ်အမျက်ရောင်ကိုက်ခြင်းနှင့် ချောင်းဆိုးခြင်းများ သက်သာပျောက်ကင်းစေနိုင်၏။ သံပရာသီးဖျော်ရည်ကို သကြားသင့်ရုံ ရောစပ်၍ နေ့စဉ်မှန်မှန် သောက်သုံးပေးခြင်းဖြင့် မူးဝေတတ်သူများ၊ သွားဖုံးသွေးထွက်တတ်သူများ သက်သာစေနိုင်၏။



ဆေးဖက်ဝင် သံပရာသီးများ။

## ဆီးရောဂါများနှင့်သံပရာ

အမျိုးသားများအနေဖြင့် သံပရာသီးသတ္တုရည်တွင် ဆား၊ သကြား၊ ရေသန့်ရောစပ်၍ ဖျော်ရည်ပြုလုပ်ကာ မှန်မှန်သောက်ပေးသင့်လှ၏။ ထိုသို့ နေ့စဉ်မှန်မှန် သောက်ပေးခြင်းဖြင့် ယောကျ်ားမှာဆီး-မိန်းမမှာမီးဟူသည့် အမျိုးသားများ၌ အဖြစ်များလှသော ဆီးအောင့်၊ ဆီးပူ၊ ဆီးကျဉ်ရောဂါများ သက်သာပျောက်ကင်း၍ ဆီးမှန်လာမည်ဖြစ်၏။ သံပရာသီး လတ်လတ်ဆတ်ဆတ်၏ သတ္တုရည်ကို နှာခေါင်းတွင်းသို့ နှစ်စက်၊ သုံးစက်ထည့်ပေးလျှင်မူ နှာခေါင်းသွေးယိုခြင်း သက်သာစေကြောင်း တွေ့ရမည်ဖြစ်၏။

## မြစ်ခြောက်နာ၊ ခေါင်းတစ်ခြမ်းကိုက်ခြင်းနှင့်သံပရာ

မြစ်ခြောက်နာ အစရှိသည့် ရောဂါကြီးများကို ကုသရာတွင်လဲ သံပရာသီးသည် အစွမ်းထက်လှ၏။ သံပရာသီးတစ်လုံးကို နူးအောင်ပြုတ်၍ ပျားရည်နှင့် ပျစ်ပျစ်ဖျော်လျက် နေ့စဉ်စားသုံးပေးရန်လို၏။ ဆေးကျမ်းများအဆိုအရ ပထမနေ့တွင် သံပရာသီးတစ်လုံး၊ နောက်နေ့တွင် နှစ်လုံး၊ သုံးလုံးစသည့်ဖြင့် ဆက်တိုက်သောက်ရကြောင်း ဖော်ပြထား၏။ ခေါင်းတစ်ခြမ်းကိုက်ရောဂါသည် အခံရခက်လှသော ဝေဒနာဖြစ်၏။ ၎င်းရောဂါခံစားရပါက သံပရာစေ့လေးငါးစေ့ကို ကြိတ်လျက် ခေါင်းတစ်ခြမ်း ကိုက်သောဘက်သို့ အုံပေး၊ ကပ်ပေးရမည်ဖြစ်၏။ မကြာမီ ကာလအတွင်း သက်သာသွားမည်ဖြစ်၏။ အိန္ဒိယဆေးကျမ်းများတွင် သံပရာစေ့ လေးစေ့၊ ငါးစေ့ကို ရေနှင့်ကြိတ်ကာ ဦးခေါင်းတွင် လိမ်းပါက ဆံပင်များပြန်လည်ပေါက်လာနိုင်ရုံမျှက နက်မှောင်သန်စွမ်းလာစေနိုင်ကြောင်း ဖော်ပြထားသည်။ ဦးခေါင်းခြောက်၍ အနံ့အသက်မကောင်းပါက သံပရာရည်ကို ရေနွေးနှင့်ရောပြီး ဦးခေါင်းတွင် ထည့်ပေးလျှင် အညစ်အကြေးများ စင်ကြယ်သွားမည်ဖြစ်၏။ ထို့အပြင် ဦးခေါင်းခြောက်ခြင်းကိုလဲ သက်သာပျောက်ကင်းစေနိုင်ကြောင်း တွေ့ရ၏။

## နှာစေး၊နှာပိတ်ခြင်းနှင့်သံပရာ

သံပရာသီးတစ်လုံးအား မီးဖုတ်၍ရသော သံပရာရည်နွေးနွေးကို သောက်ပေးခြင်း သို့မဟုတ် အဆိုပါသံပရာရည်ကို ပျားရည် အနည်းငယ်နှင့် ရောစပ်သောက်ပေးခြင်းဖြင့် နှာစေး၊ နှာပိတ်ရောဂါ သက်သာပျောက်ကင်းစေနိုင်ရုံမျှမက လည်ချောင်းနာရောဂါကိုလဲ သက်သာစေနိုင်၏။

## အစာလည်းဆေး၊ ဆေးလည်းအစာ သံပရာ

သံပရာပင်သည် လူသားတို့အတွက် အစာလည်းဆေး၊ ဆေးလည်းအစာဆိုသကဲ့သို့ အကျိုးပြုသောအပင်ဖြစ်သည်။ တိုင်းရင်းဆေးသမားတော်များ ဓာတ်စာပေးကြရာ၌ နွေချို-မိုးခါး-ဆောင်းချဉ် ဟူသည့်အတိုင်း ဆောင်းရာသီကာလတစ်လျှောက်လုံး ရှောက်သီး၊ သို့မဟုတ် သံပရာသီးကို များသောအားဖြင့် ဓာတ်စာအဖြစ် ပေးကျွေးလေ့ရှိကြ၏။ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနမှ ထုတ်လုပ်သည့်ဆေးအမှတ် (၄) ပန်းနာချွဲယိုင်ဆေးတွင် သံပရာသီးပါဝင်၏။ ထို့မျှမက အကြောလိမ်းဆေးဖော်စပ်ရာ၌လဲ သံပရာသီးသည် ဆေးတစ်မည်အဖြစ် ပါဝင်နေ၏။ သံပရာဖြင့် ဖော်စပ်ထားသော ပန်းနာဆေး၊ အစာကြေဆေး၊ သလိပ်ပျော်ဆေးနှင့် အခြားဆေးနည်းများလဲ များစွာတွေ့ရ၏။ သံပရာချဉ်၊ သံပရာပေါင်း၊ သံပရာယို၊ သံပရာသနပ်အစရှိသော အစားအသောက် အမျိုးမျိုးအပြင် သံပရာဆပ်ပြာ၊ သံပရာသနပ်ခါး၊ သံပရာခေါင်းလျှော်ရည် စသော လူသုံးကုန်၊ အိမ်သုံးကုန်ပစ္စည်းများအထိ ထုတ်လုပ်ဖော်စပ်သုံးစွဲလျက်ရှိကြ၏။ ယခုအခါ **သံပရာပင်သည် ကမ္ဘာတစ်ဝန်းရေပန်းစားလျက်ရှိနေပြီဖြစ်၍ မိဘပြည်သူများအနေဖြင့်အရေးကြုံက အလွယ်တကူ ဖော်စပ်အသုံးပြုနိုင်စေရန် မိမိတို့အိမ်တွင် သံပရာပင်ကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးထားသင့်** ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

**သံပရာပင်သည် ကမ္ဘာတစ်ဝန်းရေပန်းစားလျက် ရှိနေပြီဖြစ်၍ မိဘပြည်သူများအနေဖြင့် အရေးကြုံက အလွယ်တကူ ဖော်စပ်အသုံးပြုနိုင်စေရန် မိမိတို့အိမ်တွင် သံပရာပင်ကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးထားသင့်။**

# ခြေနင်းရေတင်စက်များ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြု နွေစပါးအထွက်နှုန်း တိုးတက်အောင် ကြိုးပမ်းစိုက်ပျိုး

ရန်ကုန် နိုဝင်ဘာ ၂၀

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် လှဋ္ဌေးဝင်းသည် ယမန်နေ့ နံနက်၁၁နာရီက ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ကျိုက်သလဲ့ကျေးရွာအနီးရှိ တောင်သူ ဦးပေါက်ဖော်၏ လယ်မြေသို့ရောက်ရှိလာပြီး ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ပြသသည့် စက်သုံးဆီ သုံးစွဲရန်မလိုသော တစ်နာရီရေဂါလန် ၁၂၀၀ တင်နိုင်သည့် ခြေနင်းရေတင်စက်ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။**

### ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ခြေနင်းရေတင်စက်ဖြင့် ရေတင်၍ လယ်မြေအတွင်းသို့ စိုက်ပျိုးရေ လက်တွေ့ပေးသွင်းနေမှု၊ ခန္တဖြင့် လယ်မြေအတွင်း စိုက်ပျိုးရေ ပေးသွင်းနေမှု၊ လယ်မြေအတွင်း နွေစပါးစိုက်ပျိုးရန်အတွက် မြေပြုပြင်နေမှုနှင့် နွေစပါးစိုက်ပျိုးရန် အသင့်ဖြစ်နေသော ပြုပြင်ပြီး လယ်မြေတို့ကို ကြည့်ရှုအားပေးကြသည်။



### ကြိုးပမ်းစိုက်ပျိုး

ယင်းနောက် တိုင်းမှူးက ဒေသခံတောင်သူများနှင့်တွေ့ဆုံပြီး ဈေးနှုန်းကြီးမြင့်သည့် စက်သုံးဆီကို ချွေတာရာရောက်သည့်အပြင် ကုန်ကျစရိတ်သက်သာစွာ လယ်မြေတစ်ကွက်ချင်းအလိုက် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေပေးဝေနိုင်သည့် ခြေနင်းရေတင်စက်များကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြရန်နှင့် နွေစပါးအထွက်နှုန်း တိုးတက်အောင် ကြိုးပမ်းစိုက်ပျိုးကြရန် မှာကြားပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ် မဟာရှိဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် အမှတ်(၃၇) ပထမထပ် ကျွန်းတောလမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့နေ ဒေါ်ကြည်ကြည်မိသားစုက အလှူငွေကျပ်နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်း မြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိမြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ(M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။**(က–ပ)



**ဖခင်ကြီး ဦးလှဦး အားရည်စူး၍ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်း ရတနာလမ်း ၃၄/၅လွှာနေ ဒေါ်နီလာခင် (တွဲဖက်ပါမောက္ခ ရက္ခဗေဒဌာန မအူပင်တက္ကသိုလ်)နှင့် မောင်နှမတစ်စုတို့က ဒဂုံမြို့နယ် အမှတ်(၁၆) စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်း တော် ကြီး အတွက် အလှူငွေ ကျပ်တစ်သိန်းကို ပိဋက နှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တ သီလာစာရထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန) ဘဏ္ဍာတော်ငွေထိန်း ဦးတင့်ဆွေထံ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)

**၁၉၈၂–၁၉၈၃ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေ၌ ပထမနှစ်တက်ရောက်ခဲ့ကြသော ဘူမိဗေဒ အထူးပြု ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၄ရက်က ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များ ဓမ္မာရုံ၌ကျင်းပရာ အပူဇော်ခံဆရာ၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက ကန်တော့လက်ဆောင်ပစ္စည်းများ ပေးအပ်ကြစဉ်။** (မြန်မာ့အလင်း)

## စုပေါင်းဘုံကထိန် ပဒေသာပင်လှည့်လည်ပူဇော်ပွဲ ကွတ်ခိုင်၌ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၀**

ကွတ်ခိုင်မြို့နယ်၏ (၁၅)ကြိမ်မြောက် စုပေါင်း မဟာဘုံကထိန် ပဒေသာပင် လှည့်လည်ပူဇော်ပွဲနှင့် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၃ရက်ကကျင်းပရာ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးစံရွှေသာနှင့်ဇနီး ဒေါ်စောလှနုတို့အား အမှူးထား၍ တပ်ရင်း၊တပ်ဖွဲ့ များမှ ပဒေသာပင်များ၊ ဌာနဆိုင်ရာ ပဒေသာပင်များ၊ ဈေးသူဈေးသား များ၏ ပဒေသာပင်များ၊ ယဉ်ကျေးမှု အဖွဲ့နှင့် လုပ်ငန်းရှင်များ၏ ပဒေသာပင်များကို မန်ဂျတ်အုပ်စု ခိုတင်ကျေးရွာ ကျောင်းသို့ ပို့ဆောင်ပူဇော်ကြသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသက်လွင်နှင့်အဖွဲ့က ခိုတင်ကျောင်းရှိ သံဃာတော်များနှင့် ပင့်သံဃာတော် ၃၂ပါးတို့အား ဆွမ်းနှင့် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းကြပြီး တောင်တန်းသာသနာပြု ဆရာတော် ဦးသုနန္ဒက ကထိန်အလှူ တရားတော်များ ချီးမြှင့်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ပထမတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲပြီးစီး Eleven အသင်း အဆင့်မြင့်တန်းသို့ တက်ရောက်နိုင်

**သတင်းမှတ်စု–ကိုထွေး**

**ရန်ကုန် နိုဝင်ဘာ ၂၀**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၆–၂၀၀၇ခုနှစ် ဘောလုံးရာသီ ပထမတန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၄ရက်က စတင်ကျင်းပခဲ့ရာ နိုဝင်ဘာ ၆ရက်က ပြီးဆုံးသွားခဲ့ပြီဖြစ်သည်။ ပထမတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ၌ ရှစ်သင်း ပါဝင်ယှဉ်ပြိုင်ရာ Royal Eleven အသင်းက ပထမ၊ တပ်မတော်(ကြည်း)အသင်းက ဒုတိယ ရရှိသွားကြသည်။

### အဆင့်မြင့်တန်းတက်

ပထမတန်းအမှတ်ပေး ဘောလုံးပြိုင်ပွဲတွင် ပထမရရှိသော Royal Eleven အသင်းသည် ၂၀၀၇–၂၀၀၈ ခုနှစ် ဘောလုံးရာသီ၌ အဆင့်မြင့်တန်းသို့ တက်ရောက်ယှဉ်ပြိုင်ခွင့် ရရှိမည် ဖြစ်သည်။ Royal Eleven အသင်းသည် ပထမတန်းအမှတ်ပေး ဘောလုံးပြိုင်ပွဲ၌ ခုနစ်ပွဲကစား၊ ငါးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ၁၆မှတ်ရရှိပြီး တပ်မတော်(ကြည်း)အသင်းနှင့် ရမှတ်တူ ဂိုးကွာခြားချက်ဖြင့် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

Royal Eleven အသင်းသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းကို သုံးဂိုး–တစ်ဂိုး၊ တပ်မတော်(လေ)အသင်းကို နှစ်ဂိုး–ဂိုးမရှိ၊ တပ်မတော်(ရေ) အသင်းကို တစ်ဂိုး–ဂိုးမရှိ၊ သတ္တုတွင်း အသင်းကို တစ်ဂိုး–ဂိုးမရှိ၊ ဝီရအသင်းကို ၁၁ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ တပ်မတော် (ကြည်း) အသင်းနှင့် တစ်ဂိုးစီ သရေကျပြီး VIVAအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ Royal Eleven အသင်းသည် ၂၀၀၆–၂၀၀၇ခုနှစ် ဘောလုံးရာသီ ပထမတန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ၌ ဒုတိယ ရရှိခဲ့သည်။

### တွေ့ဆုံ

အဆင့်မြင့်တန်းပြိုင်ပွဲသို့ တက်ရောက်ခွင့်ရရှိထားပြီဖြစ်သော Royal Eleven ဘောလုံးအသင်း၏ အတန်းအသီးသီး၌ ယှဉ်ပြိုင်ခဲ့မှုနှင့် အဆင့်မြင့်တန်းပြိုင်ပွဲအတွက် စီစဉ်ထားရှိမှု အခြေအနေကို သိရှိနိုင်ရန် Royal Eleven အသင်းအုပ်ချုပ်သူ ဦးဇင်မင်းမောင်နှင့် မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

**၂၀၀၆–၂၀၀၇ ခုနှစ် ဘောလုံးရာသီ ပထမတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ပထမရရှိပြီး အဆင့်မြင့်တန်းသို့ တက်ရောက်ခွင့် ရရှိသွားပြီဖြစ်သော Royal Eleven ဘောလုံးအသင်းမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများအား ပဒုမ္မာအားကစားကွင်း၌ ဤသို့တွေ့ရသည်။** (မြန်မာ့အလင်း)



Royal Eleven အသင်း၏ အဆင့်မြင့်တန်း သို့ရောက်ရှိသည်အထိ အဆင့်ဆင့် ဖြတ်သန်း ယှဉ်ပြိုင်လာမှု အနေအထားကို မေးမြန်းရာ အုပ်ချုပ်သူ ဦးဇင်မင်းမောင်က "မိမိတို့အသင်း အနေဖြင့် ၂၀၀၄–၂၀၀၅ခုနှစ် ဘောလုံးရာသီ တတိယတန်းခြေစစ်ပွဲမှစတင် ယှဉ်ပြိုင်ခဲ့ရာ ၂၀၀၄ ခုနှစ် စက်တင်ဘာလ၌ ခြေစစ်ပွဲအောင်မြင်ပြီး တတိယတန်း၌ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ကြောင်း၊ တတိယတန်း အမှတ်ပေးပြိုင်ပွဲတွင် ပထမရရှိသဖြင့် ဒုတိယတန်းသို့ တက်ရောက်နိုင်ခဲ့ကြောင်း၊ ၂၀၀၅–၂၀၀၆ ခုနှစ် ဘောလုံးရာသီတွင်ဒုတိယတန်း၌ ပါဝင်ယှဉ်ပြိုင်ရာ ကွင်းဖွင့်ဖလားပြိုင်ပွဲ၊ အမှတ်ပေးပြိုင်ပွဲနှင့် ကွင်းပိတ်ပြိုင်ပွဲ ပြိုင်ပွဲသုံးခုစလုံး၌ ဗိုလ်စွဲခဲ့ကြောင်း၊ ၂၀၀၆–၂၀၀၇ခုနှစ် ဘောလုံးရာသီတွင် ပထမတန်း၌ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ကွင်းဖွင့်ဖလား ပြိုင်ပွဲ၌ တပ်မတော်(ကြည်း) အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် ရှုံးနိမ့်ပြီး ဒုတိယနှင့် ကျေနပ်ခဲ့ရကြောင်း၊ ပထမတန်းအမှတ်ပေးပြိုင်ပွဲတွင် တပ်မတော် (ကြည်း)အသင်းနှင့် ရမှတ်တူညီသော်လည်း ဂိုးကွာခြားချက်အရ ပထမရရှိခဲ့ကြောင်း၊ ၂၀၀၇–၂၀၀၈ခုနှစ်ဘောလုံးရာသီတွင် အဆင့်မြင့်တန်းသို့ တက်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့ပြီးဖြစ်ကြောင်း၊ ရောက်ရှိသည့်အတန်းတိုင်း၌ အဆင့်မီစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် ဘောလုံးသမားများ ရှာဖွေစုဆောင်းခဲ့ရကြောင်း၊ လေ့ကျင့်ရေးကွင်း၊ ဘောလုံးသမားအဆောင်နှင့် အထွေထွေ ကုန်ကျစရိတ်စသည့် အခက်အခဲများ ကြုံတွေ့ခဲ့ရကြောင်း၊ ဘောလုံးသမားများ၏ မိမိတို့ကိုယ် မိမိတို့တာဝန်ယူတတ်မှု၊ တာဝန်သိတတ်မှုနှင့် ဘောလုံးအားကစားအပေါ် စိတ်ပါဝင်စားမှုစသည့် အချက်များ၌ အားနည်းချက်များရှိရာ အဓိကအခက်အခဲအဖြစ် ကြုံတွေ့ဖြေရှင်းခဲ့ရပါကြောင်း၊ သို့သော်လည်း မိမိတို့အသင်း အတန်းတိုင်း၌ ပထမရရှိပြီး အဆင့်မြင့်တန်းသို့ တက်ရောက်လာနိုင်ခြင်းကြောင့် ဝမ်းသာပီတိဖြစ်ရပါကြောင်း၊ အသင်းသားများ၏ ကြိုးစားအားထုတ်မှုကြောင့် အောင်မြင်မှု ရရှိခဲ့ခြင်းအပေါ် မိမိတို့အုပ်ချုပ်မှု အပိုင်းကလည်း အသင်းခိုင်မာတောင့်တင်းအောင် အမျိုးမျိုး ကြံစည်ဆောင်ရွက်လျက်ရှိပါကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

### ရည်ရွယ်လုပ်ဆောင်

အဆင့်မြင့်တန်း ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင် စီစဉ်ထားရှိမှု အခြေအနေကို မေးမြန်းရာ အုပ်ချုပ်သူ ဦးဇင်မင်းမောင်က "အားလုံးသိကြသည့်အတိုင်း ပထမတန်းနှင့် အဆင့်မြင့်တန်းက ဘောလုံးအဆင့် ကွာပါကြောင်း၊ အသင်း၌ ယခင်ကတည်းက ရှိလာပြီး အရှိန်ရနေသည့် လူငယ်ဘောလုံးသမားများနှင့် အဆင့်မြင့်တန်း အတွေ့အကြုံ၊ လက်ရွေးစင်အသင်း အတွေ့အကြုံရှိသော ဘောလုံးသမားများ ပေါင်းစပ်ပြီး ပြုပြင်ပြောင်းလဲမှုများ လုပ်သွားရမှာဖြစ်ကြောင်း၊ အဓိကအားဖြင့် လေ့ကျင့်မှုကို ပြင်းပြင်းထန်ထန် မခိုမကပ် လုပ်တတ်သည့် ဘောလုံးသမားမျိုးကို ဦးစားပေး ခေါ်ယူမည်ဖြစ်ကြောင်း၊ မိမိတို့အသင်းကို စနစ်တကျ ဖွဲ့စည်း တည်ဆောက်ထားသည့် အသင်းပုံစံမျိုး ဖွဲ့စည်းသွားမှာဖြစ်၍ အဆင့်ဆင့် နာခံတတ်သည့် ဘောလုံးသမားများဖြစ်ရန် လိုကြောင်း၊ မိမိတို့အသင်းကို ရောက်ရှိလာသည့် ဘောလုံးသမားများ၏ စိတ်ပိုင်းဆိုင်ရာ၊ ဘောလုံးကစားမှုနှင့် အနေအထိုင် အပြုအမူများကို ပြုပြင်ပေးလျက်ရှိပါကြောင်း၊ မြန်မာ့ဘောလုံးအားကစား တိုးတက်မြင့်မားရေးအတွက် တစ်ဖက်တစ်လမ်းမှ အကူအညီပေးနိုင်ရန် ရည်ရွယ် လုပ်ဆောင်နေခြင်းဖြစ်ပါကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

### တာဝန်ယူ

အဆင့်မြင့်တန်းသို့ တက်ရောက်ခွင့် ရရှိထားပြီဖြစ်သော Royal Eleven အသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးဇင်မင်းမောင်၊ နည်းပြများ အဖြစ် ဦးတင်မောင်ဋ္ဌေးနှင့် ဦးသက်နိုင်တို့က တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။

### သူတို့ပါဝင်ကြ

အားကစားသမားများ အဖြစ် ဇော်လင်းအောင်(ဂိုး)၊ မင်းသူ(ဂိုး)၊ ရဲထွဋ်ကျော်(ဂိုး)၊ နိုင်ဦးလွင်၊ ခိုင်မင်း၊ အောင်ဇော်လင်း၊ မင်းမင်းထွေး၊ ထွန်းတင့်နိုင်၊ ကျော်စွာအုန်း၊ ချိုသဲမောင်၊ ညိုဝင်း၊ ရဲရင့်နောင်၊ ကျော်ဇေယျာဝင်း၊ အောင်ဝင်းနိုင်၊ ထွန်းလင်းလင်း၊ တင်မင်းအောင်၊ မျိုးမင်းအောင်၊ ကျော်ထွန်းနိုင်၊ ကိုကိုကြီး၊ စိုးကျော်သူ၊ ထင်ကျော်အောင်၊ မောင်မောင်ကြီး၊ ကျော်ကျော်ထွန်း၊ မာလနှင့် အောင်မြင့်သိန်းတို့ ပါဝင်ကြကြောင်း ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

# ကမ္ဘာတစ်လွှား အားကစား

## ဘာစီလိုနာတို့နိုင်ပွဲရပြီး ထိပ်ဆုံးနေရာတက်လာ အက်သလက်တီကိုတို့ ဂိုးပြတ်သွင်းခဲ့သည့် လာလီဂါပွဲစဉ်(၁၁)မြင်ကွင်း

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

မက်ဒရစ် နိုဝင်ဘာ ၂၀

**စပိန်လာလီဂါပွဲစဉ်(၁၁)ကို နိုဝင်ဘာ ၁၉ရက်က ဆက်လက်ကစားရာ မာလော့ကာနှင့် ဘာစီလိုနာတို့ပွဲတွင် ဘာစီလိုနာက လေးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိပြီး အက်စ်ပန်ညိုနှင့် ဘီလ်ဘာအိုတို့ပွဲ၌ အက်စ်ပန်ညိုက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။**

### မာလော့ကာနှင့်ဘာစီလိုနာ

ဘာစီလိုနာတို့ မာလော့ကာကို အလေးထားကစားခဲ့ရသည်။ မာလော့ကာတို့က အိမ်ကွင်း၌ မာမာတင်းတင်း တုံ့ပြန်ကစားမှုကြောင့် ဘာစီလိုနာ



**မာလော့ကာနှင့် ဘာစီလိုနာတို့ပွဲတွင် ဘာစီလိုနာတိုက်စစ်မှူး ရော်နယ်ဒင်ဟို** (ယာ)**၏ ထိုးဖောက်ကစားမှုကို ဤသို့ တွေ့ရသည်။**
(ဓာတ်ပုံ-အင်တာနက်)

တိုက်စစ်မှူးများ ဂိုးသွင်းခွင့်မရရှိခဲ့ချေ။ ဘာစီလိုနာသည် ၄-၄-၂ ပုံစံဖြင့် ခင်းကျင်းကာ တိုက်စစ်တွင် ရော်နယ်ဒင်ဟိုနှင့် ဂုတ်ဂျွန်ဆင်တို့ကိုထားကာ ကစားစေခဲ့သည်။

မာလော့ကာတို့က ၃-၆-၁ ပုံစံဖြင့် ဘာစီလိုနာတိုက်စစ်ကို ကွင်းလယ်မှ ဟန့်တားကစားစေခဲ့သော်လည်း ပွဲချိန် ၄၂ မိနစ်နှင့် ၅၈မိနစ်တွင် ဘာစီလိုနာတိုက်စစ်မှူး ဂုတ်ဂျွန်ဆင်က နှစ်ဂိုးဆက်တိုက် သွင်းယူနိုင်ခဲ့သည်။ မာလော့ကာအတွက်ချေပဂိုးကို ပွဲချိန် မိနစ် ၇၀၌ တိုက်စစ်မှူး ကက်စတာနိုက တစ်ဂိုးသွင်းယူပေးခဲ့သည်။

### တိုက်စစ်အရှိန်မြှင့်

မာလော့ကာတို့ ချေပဂိုးရရှိရေး တိုက်စစ်အရှိန်မြှင့်ကစားခဲ့သော်လည်း ဘာစီလိုနာနောက်တန်းကို မကျော်နိုင်ခဲ့သဖြင့် ဂိုးသွင်းခွင့် မရရှိခဲ့ခြင်းဖြစ်သည်။ ပွဲချိန်၈၆မိနစ်တွင် ဘာစီလိုနာမှ အီနီယေစတာက တစ်ဂိုးနှင့် မိနစ် ၉၀တွင် အက်စ်ကွီရိုက တစ်ဂိုးသွင်းယူခဲ့သဖြင့် ဘာစီလိုနာတို့ လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ မာလော့ကာမှ နောက်ခံလူ ဖာနန်ဒိုဗာရီလာ အဖျက် ကြမ်းမှုကြောင့် နှစ်ဝါ တစ်နီဖြင့် အထုတ်ခံခဲ့ရသည်။

ဘာစီလိုနာသည် ယခုပွဲအနိုင်ရရှိသဖြင့် တန်းစီဇယားထိပ်ဆုံးနေရာသို့ ရောက်လာသည်။ မာလော့ကာမှာ တန်းစီဇယားအဆင့် ၁၂ ၌ရှိနေသည်။

### လီဗန်တေးနှင့်အက်သလက်တီကို

အိမ်ကွင်း၊ အဝေးကွင်းခြေစွမ်းပြနေသော အက်သလက်တီကိုတို့ လီဗန်တေးကို ဂိုးပြတ်သွင်း အနိုင်ယူနိုင်ခဲ့သည်။ အက်သလက်တီကိုသည် အဝေးကွင်းဖြစ်သော်လည်း တိုက်စစ်မှူးများဖြစ်သည့် တောရက်စ်နှင့် အကွီရိုတို့က ကွင်းလယ်မှ မာနီချီ၊ ပီတာလူဆင်နှင့် ဂယ်လက်တီတို့ပွဲပိုးမှုဖြင့် မနားတမ်း တိုက်စစ်ဆင်ထိုးဖောက်ကစားရာ ပွဲချိန် ၃၄မိနစ်တွင် ပယ်နယ်တီပြစ်ဒဏ်ဘော မှတစ်ဆင့် တောရက်စ်က တစ်ဂိုး၊ ပွဲချိန် ၆၉မိနစ်နှင့် ၇၅ မိနစ် တို့တွင် မာနီချီက နှစ်ဂိုးဆက်တိုက် သွင်းယူခဲ့သဖြင့် အက်သလက်တီကိုတို့ သုံးဂိုးပြတ်အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

အက်သလက်တီကိုတို့ ယခုပွဲအနိုင်ရရှိခဲ့သဖြင့် ၁၁ ပွဲကစား ခြောက်ပွဲနိုင်၊ နှစ်ပွဲသရေ၊ သုံးပွဲရှုံးဖြင့် ရမှတ် ၂၀ ရရှိကာ တန်းစီဇယားပဥ္စမအဆင့် နေရာတွင် ရှိနေသည်။ လီဗန်တေးမှာ ၁၁ ပွဲကစား သုံးပွဲနိုင်၊ သုံးပွဲသရေ၊ ငါးပွဲရှုံးဖြင့် တန်းစီဇယား၌ အဆင့် ၁၄ နေရာတွင်ရှိနေသည်။

### အက်စ်ပန်ညိုနှင့်ဘီလ်ဘာအို

ဧည့်သည် ဘီလ်ဘာအိုတို့အဖွင့်ဂိုး သွင်းယူပြီးမှသာ အက်စ်ပန်ညိုတို့ ချေပဂိုးနှင့်အနိုင်ဂိုးများ သွင်းယူနိုင်ခဲ့သည်။ ဘီလ်ဘာအို၏အဖွင့်ဂိုးကို ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် တိုက်စစ်မှူး ဖရန်စစ်ကိုယက်စ်တီက သွင်းယူပေးခဲ့သည်။ အက်စ်ပန်ညိုအတွက် ချေပဂိုးကို ပွဲချိန် ၅၄ မိနစ်၌ တာမူဒိုက သွင်းယူပေးခဲ့ခြင်းဖြစ်ပြီး ဘီလ်ဘာအိုအတွက် ဒုတိယဂိုးကို ပွဲချိန် ၆၇မိနစ်၌ အဒူဇစ်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

### အနိုင်ဂိုး

အက်စ်ပန်ညိုအတွက် ချေပဂိုးနှင့်အနိုင်ဂိုးများကို ပွဲချိန် ၆၁မိနစ်၌ တာမူဒိုနှင့် မိနစ် ၉၀တွင် ပန်ဒီရာနီတို့က သွင်းယူပေးခဲ့သဖြင့် အက်စ်ပန်ညိုတို့ သုံးဂိုး-နှစ်ဂိုးဖြင့်အနိုင်ရရှိကာ တန်းစီဇယားအဆင့် ၁၃ ၌ရပ်တည်နေခြင်းဖြစ်သည်။ ဘီလ်ဘာအိုမှာ တန်းစီဇယားအဆင့် ၁၇၌ရှိနေသည်။

### အခြားပွဲရလဒ်များ

| | | |
|---|---|---|
| **ရီခရီယေးတီဗို** | **၂-၀** | **အိုဆာဆူနာ** |
| **ဗီလာရီးရဲ** | **၁-၀** | **ဂီတာဖေး** |
| **ဆိုစီဒက်** | **၀-၀** | **ရီးရဲဘက်တစ်** |
| **ဇာရာဂိုဇာ** | **၃-၀** | **ဂျင်နက်စတစ်** |
| **ဒီပို့တီဗို** | **၀-၁** | **ဆဲလ်တာဗီဂို** |

(အင်တာနက်)

**အက်စ်ပန်ညိုနှင့် ဘီလ်ဘာအိုတို့ ပွဲတွင် အက်စ်ပန်ညိုမှ အိုင်ဗင်ဒီလာပီနာ** (ယာ) **ဘောလုံး ဟန့်တားစဉ်။** (ဓာတ်ပုံ-အင်တာနက်)



## ခရက်စပို၏ဂိုးဖြင့် အင်တာမီလန် ထိပ်ဆုံးရောက် ရိုးမားတို့ အိမ်ကွင်း၌ဂိုးမိုးရွာပြီးရမှတ်တိုး

ရေးသားတင်ပြသူ
မြင့်မောင်စိုး

မီလန် နိုဝင်ဘာ ၂၀

**အီတလီစီးရီးအေဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၂)ပြိုင်ပွဲများကို နိုဝင်ဘာ ၁၉ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ ပြီးခဲ့သောသီတင်းပတ်က အမှတ်ပေး ဇယား ထိပ်ဆုံးနေရာမှ ဆင်းပေးလိုက်ရသော အင်တာမီလန်အသင်းသည် အိမ်ကွင်း၌ ရက်ဂျီးနားအသင်းကို ခရက်စပို၏ တစ်လုံးတည်းသော အနိုင်ဂိုးဖြင့် ထိပ်ဆုံး နေရာပြန်လည်ရယူနိုင်ခဲ့သည်။**



### လှည့်ထုတ်

**ရိုးမား အသင်း ခေါင်း ဆောင် တော့တီ ဘောလုံး လှည့်ထုတ် ယူမှုကို ဤသို့တွေ့ရသည်။**
(ဓာတ်ပုံ-အင်တာနက်)

အင်တာမီလန် အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ခရက်စပိုက ပွဲစစချင်း လေးမိနစ်အတွင်းမှာပင် သွင်းထားနိုင်ခဲ့သည်။ ပွဲစဉ်တစ်လျှောက်လုံး အင်တာမီလန်တို့ ဖိထားနိုင်ခဲ့သော်လည်း ထပ်ဆင့်ဂိုးများ မသွင်းနိုင်ခဲ့ပေ။

### အခွင့်အလမ်း

ရက်ဂျီးနား အသင်းသည် အဝေးကွင်း၌ အင်တာမီလန်၏ ဖွဲ့ဆော်ဦးဂိုးကြောင့် ခံစစ်ဖြင့် ကစားခဲ့ရသည်။ ရံဖန်ရံခါမှ အင်တာမီလန် နောက်တန်းကို ထိုးဖောက်နိုင်ခဲ့သည်။ သို့သော်လည်း ချေပဂိုးသွင်းနိုင်သည့် အခွင့်အလမ်းနည်းပါးခဲ့သည်။

အင်တာမီလန်အသင်းသည် ယခုနှစ် အီတလီ စီးရီးအေး ပွဲစဉ်(၁၂)အပြီး ကိုးပွဲနိုင်၊ သုံးပွဲသရေဖြင့် စုစုပေါင်း ရမှတ် ၃၀ရရှိကာ အမှတ်ပေးဇယားကို ဦးဆောင်နေသည်။ အင်တာမီလန်တို့ ယခုနှစ်စီးရီးအေတွင် ရှုံးပွဲမရှိ အောင်ပွဲခံလျက် ရှိသည်။

### ရိုးမားဂိုးမိုးရွာ

စီးရီးအေထိပ်တန်းပြိုင်ဘက်အသင်းဖြစ်သော ရိုးမားအသင်းသည် အိမ်ကွင်း၌ ကာတန်နီယာအသင်းကို ခုနစ်ဂိုး-ဂိုးမရှိသွင်းကာ ဂိုးမိုးရွာနိုင်ခဲ့သည်။ သို့သော်လည်း ပွဲစပြီး ၁၅မိနစ် တွင် ကာတန်နီယာအသင်းမှ မက်စ်ကာရာ အနီကတ်ဖြင့် ကွင်းအတွင်းမှ ထွက်သွား



**အင်တာမီလန် အသင်းမှ ပက်ထရစ်ဗီအဲရာ၏ ခေါင်းတိုက်ကစားမှုကို ဤသို့ တွေ့ရသည်။**
(ဓာတ်ပုံ-အင်တာနက်)

ရသည်။ ထို့ကြောင့်လည်း ရိုးမားတို့ အိမ်ကွင်း အနေအထားနှင့် ၁၀ယောက်၊ ၁၁ယောက် အားသာချက်တို့ဖြင့် ကာတန်နီယာ နောက်တန်းကို စိတ်ကြိုက်ထိုးဖောက်ကာ ဂိုးမိုးရွာနိုင်ခဲ့သည်။ ရိုးမားအသင်းအတွက်ဂိုးများကို ပါနုစီ၊ မန်စီနီ၊ ပါရော့တာ၊ မွန်တဲလ်လားနှင့် နာမည်ကြီးတော့တီတို့က သွင်းယူခဲ့ကြသည်။ ထိုသို့သွင်းယူရာတွင် ပါနုစီနှင့် ပါရော့တာတို့က နှစ်ဂိုးစီ သွင်းယူခဲ့ခြင်းဖြစ်သည်။

ယခုနှစ် စီးရီးအေတွင် ရိုးမားအသင်းသည် ရှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးကာ အမှတ်ပေးဇယား တတိယနေရာတွင် ရှိနေသည်။

### အခြားပွဲရလဒ်

| | | |
|---|---|---|
| **အက်စ်ကိုလီ** | **၁-၁** | **ဖီအိုရင်တီးနား** |
| **ချီယေဗို** | **၂-၂** | **အတ္တလန်တာ** |
| **လီဗော်နို** | **၃-၀** | **ပါးမား** |
| **မက်ဆီနာ** | **၁-၄** | **လာဇီယို** |
| **အူဒီးနိစ်** | **၃-၀** | **ဆီနာ။** |

(အင်တာနက်)

## ရော့ဘင်၏အနာဂတ် ချယ်လ်ဆီး၌ မရေရာ

**ချယ်လ်ဆီး တောင်ပံကစားသမား အာဂျင်ရော့ဘင်။**
(ဓာတ်ပုံ-အင်တာနက်)



**လန်ဒန် နိုဝင်ဘာ ၂၀**

ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက မိမိအား ယခုနှစ်ရာသီတစ်လျှောက်လုံး ပြိုင်ပွဲ၏အစပိုင်းကစားခြင်းကို အလှည့်ကျ ဆက်လက်ထည့်ကစားနေမည်ဆိုလျှင် မိမိအနေဖြင့် တစ်စုံတစ်ခုကို ရွေးချယ်ရန်စဉ်းစားလိမ့်မည်ဖြစ်ကြောင်း တောင်ပံကစားသမား အာဂျင်ရော့ဘင်က ပြောကြားလိုက်သည်။

### ပါဝင်ကစားခဲ့ရ

အသက်၂၂နှစ်ရှိ အာဂျင်ရော့ဘင်သည် ယခုနှစ် ရာသီတွင် ချယ်လ်ဆီးအသင်း ပွဲ၂၀ကစားရာ၌ ၁၀ပွဲမျှသာ ပွဲအစမှစ၍ ပါဝင်ကစားခဲ့ရသည်။

ချယ်လ်ဆီးအနေဖြင့် မိမိအား အလေးမထားလျှင် မိမိအနေဖြင့် အခြားအခွင့်အလမ်းတစ်ရပ်ကို စဉ်းစားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ရော့ဘင်နှင့်မော်ရင်ဟိုတို့၏ ဆက်ဆံရေးသည် ပြီးခဲ့သည့်နှစ် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ရီးရဲဘက်တစ်အသင်းနှင့် ယှဉ်ပြိုင်ခဲ့စဉ်က ရော့ဘင်အား လူစားအဖြစ်သာ ထည့်ကစားခဲ့၍ အဆင်မပြေမှု စတင်ဖြစ်ခဲ့သည်။ ရော့ဘင်အား ၂၀၀၄ခုနှစ်က ပေါင်၁၂သန်းဖြင့် ချယ်လ်ဆီးက ခေါ်ယူခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ယခုထပ်မံပေးပို့သော စာမျက်နှာ-၁၂ ကို သုံးပါ

# တပ်မတော်ရိက္ခာအတွက် စပါးဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ၂၀၀၇-၂၀၀၈ခုနှစ် တပ်မတော်ရိက္ခာအတွက် ဧည့်မထအမျိုးအစား စပါးကို ပြည်နယ်နှင့်တိုင်းအလိုက် တင်ဒါစနစ်ဖြင့် အောက်ပါနေရာများ၌ ဝယ်ယူမည်ဖြစ်ပါသည်-

**(က) ကချင်ပြည်နယ်**
(၁) ပူတာအို
(၂) မြစ်ကြီးနား
(၃) ဝိုင်းမော်
(၄) နမ္မတီး
(၅) ဆားမော်
(၆) ဟိုပင်
(၇) မိုးညှင်း
(၈) မိုးမိတ်
(၉) မဘိမ်း
(၁၀) ဗန်းမော်
(၁၁) မြို့သစ်
(၁၂) ရွှေကူ

**(ခ) ရှမ်းပြည်နယ်(အရှေ့)**
(၁) ကျိုင်းတုံ
(၂) မိုင်းပြင်း
(၃) မိုင်းခတ်
(၄) မိုင်းယောင်း
(၅) မိုင်းဖြတ်
(၆) တာချီလိတ်
(၇) မိုင်းဆတ်

**(ဂ) မွန်ပြည်နယ်**
(၁) မော်လမြိုင်
(၂) သထုံ
(၃) ပေါင်

**(ဃ) ရန်ကုန်တိုင်း**
(၁) သန်လျင်
(၂) ခရမ်း
(၃) လှည်းကူး
(၄) တိုက်ကြီး
(၅) ထန်းတပင်

**(င) ဧရာဝတီတိုင်း**
(၁) ပုသိမ်
(၂) မအူပင်
(၃) ကျိုက်လတ်
(၄) အိမ်မဲ
(၅) မြောင်းမြ
(၆) မော်လမြိုင်ကျွန်း
(၇) ဓနုဖြူ
(၈) ကျုံပျော်
(၉) ဟင်္သာတ
(၁၀) မြန်အောင်
(၁၁) အင်္ဂပူ

**(စ) ရခိုင်ပြည်နယ်**
(၁) အမ်း
(၂) ကျောက်တော်
(၃) ရမ်းဗြဲ
(၄) မြောက်ဦး
(၅) မင်းပြား
(၆) ရသေ့တောင်
(၇) ပုဏ္ဏားကျွန်း
(၈) ပေါက်တော
(၉) ကျောက်ဖြူ
(၁၀) တောင်ကုတ်

**(ဆ) စစ်ကိုင်းတိုင်း**
(၁) ရွှေဘို
(၂) ဝက်လက်
(၃) ဒီပဲယင်း
(၄) ရေဦး
(၅) တန့်ဆည်
(၆) ခင်ဦး
(၇) ကန့်ဘလူ
(၈) ကောလင်း
(၉) ဝန်းသို
(၁၀) ကသာ
(၁၁) ထီးချိုင့်
(၁၂) ကလေး

**(ဇ) မကွေးတိုင်း။** ဂန့်ဂေါ

**(ဈ) မန္တလေးတိုင်း**
(၁) တပ်ကုန်း
(၂) ပျဉ်းမနား
(၃) လယ်ဝေး

**(ည) ပဲခူးတိုင်း(အရှေ့)**
(၁) ရေတာရှည်
(၂) တောင်ငူ
(၃) အုတ်တွင်း
(၄) ဖြူး
(၅) ကျောက်တံခါး
(၆) ညောင်လေးပင်
(၇) ဒိုက်ဦး

**(ဋ) ပဲခူးတိုင်း(အနောက်)**
(၁) ပြည်
(၂) ရွှေတောင်
(၃) နတ်တလင်း
(၄) ဇီးကုန်း
(၅) ကြို့ပင်ကောက်
(၆) မင်းလှ
(၇) လက်ပံတန်း
(၈) သာယာဝတီ

၂။ ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(အရှေ့)တို့တွင် ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှစ၍ ဝယ်ယူမည်ဖြစ်ပြီး ကျန်ပြည်နယ်နှင့်တိုင်းများတွင် ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ ဝယ်ယူမည်ဖြစ်ပါသည်။

၃။ ပေးသွင်းရမည့် စပါးအရေအတွက်၊ စပါးအရည်အသွေး သတ်မှတ်ချက်၊ ပေးသွင်းရမည့်နေရာ၊ ပေးသွင်းရမည့်ကာလ စသည့်အသေးစိတ်အချက်အလက်များနှင့် တင်ဒါပုံစံတို့အား အထက်ပါနေရာများရှိ တိုင်းစစ်ဌာနချုပ်များ၊ ထောက်ပံ့နှင့်ပို့ဆောင်ရေး တပ်ရင်းများနှင့် တပ်ရင်း၊တပ်ဖွဲ့များတွင် စုံစမ်းနိုင်ပါသည်။

၄။ ကိုယ်တိုင်စပါးစိုက်ပျိုးထုတ်လုပ်ပြီး တစ်ဦးချင်းသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း စပါး တင်း(၁၀၀)နှင့်အထက် ရောင်းချပေးသွင်းနိုင်သည့် တောင်သူများအနေဖြင့် အထက်ပါနေရာများ၌ ဧည့်မထအမျိုးအစားစပါးကို ဒေသန္တရဈေးနှုန်းအရ လက်ငင်းငွေပေးချေသည့်စနစ်ဖြင့် ရောင်းချပေးသွင်းနိုင်ပါသည်။

**စစ်ထောက်ချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန။**



မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်ကြီး ဆောက်လုပ်ရန်အတွက် အမှတ် ၂၉/၅ လှော်ပုသိမ်လမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့နေ ဦးလှိုင်တင့်-ဒေါ်ကြည်ကြည်ခိုင်၊ သမီး မလှိုင်ဝတ်ရည်ခိုင်၊ မနှင်းရည်လှိုင် မိသားစု၏ လှူဒါန်းငွေ ကျပ်တစ်သိန်းကို ကျောင်းအကျိုးတော်ဆောင် ဆရာတော် ဦးဥက္ကဋ္ဌ (မြစ်ကြီး)၏ ရှေ့မှောက်၌ လှူဒါန်းရာ အမှုဆောင် ဒေါ်ကေသက်မော်က အလှူငွေ လက်ခံယူစဉ်။ (က-ပ)

# ၂၀၀၆ ခုနှစ် အမျိုးသားတံခွန်စိုက် ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၀

**မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၆ ခုနှစ် အမျိုးသားတံခွန်စိုက် ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၈ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် နာယကများ၊ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ရဲမှူးကြီး ခင်မောင်ထွန်း (ငြိမ်း) ဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ကရာတေးဒို အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။**

## ပြိုင်ပွဲဖွင့်လှစ်

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီအထွေထွေ အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ၂၀၀၆ ခုနှစ် အမျိုးသားတံခွန်စိုက် ကရာတေးဒို ပြိုင်ပွဲကျင်းပရေးနှင့် မြန်မာ့ကရာတေးဒို အားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်မှ အမှုဆောင်များနှင့် အလှူရှင်များက ရန်ပုံငွေများကို ပေးအပ်လှူဒါန်းကြရာ Lizstar ကုမ္ပဏီများအုပ်စု Sports (a) One Nike Centre မှ မန်နေဂျင်း ဒါရိုက်တာ ဦးသက်ခိုင်က ငွေကျပ် ၂၂ သိန်းကို လည်းကောင်း၊ သုခကမ္ဘာ အထူးကုဆေးခန်းမှ ဒါရိုက်တာ ဗိုလ်မှူးသန့်ဇင်(ငြိမ်း)က ငွေကျပ် လေးသိန်းကိုလည်းကောင်း၊မင်္ဂလာ ကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာ ဦးဇော်မင်းက ငွေကျပ် သုံးသိန်းကိုလည်းကောင်း၊ Millennium Group မှ မန်နေဂျင်း ဒါရိုက်တာ ဦးမင်းဇေယျာလှိုင်က ငွေကျပ်သုံးသိန်းကိုလည်းကောင်း၊ Metropolitan Industry Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးခင်ထွေးက ငွေကျပ်နှစ်သိန်းကို လည်းကောင်း၊ ရောင်ပြန်မဂ္ဂဇင်း အယ်ဒီတာချုပ် ဦးမောင်မောင်မြင့် အေးက ငွေကျပ် တစ်သိန်းကို လည်းကောင်း ပေးအပ်လှူဒါန်းကြပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအထွေထွေ အတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ် (၄) အခြေခံပညာအထက်တန်း ကျောင်းတို့အား ဂုဏ်ပြုဆုငွေ ကျပ်ငါးသောင်းစီကို မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်က ပေးအပ်သည်။

## သရုပ်ပြ

ထို့နောက် မြန်မာ့လက်ရွေးစင်နှင့် ၂၀၀၆ ခုနှစ် သက်ငယ်တန်းကရာတေးဒိုပြိုင်ပွဲ၌ ဆုရ အားကစားသမားများက ကရာတေးဒိုနည်းစနစ်များကို သရုပ်ပြကြသည်။

ယင်းနောက် အမျိုးသမီး တစ်ဦးချင်းနှင့် အသင်းလိုက် ခတ အမျိုးအစားပြိုင်ပွဲများ၊ အမျိုးသား တစ်ဦးချင်းနှင့် အသင်းလိုက် ခတ အမျိုးအစားပြိုင်ပွဲများ၊ အမျိုးသမီး အမျိုးသားကုမိတဲ့ အမျိုးအစား အတန်းလိုက်ပြိုင်ပွဲများနှင့် အမျိုးသမီးအသင်းလိုက်နှင့် အမျိုးသား အသင်းလိုက် ကုမိတဲ့ပြိုင်ပွဲများ စုစုပေါင်း ပြိုင်ပွဲ ၁၆ ပွဲ ကျင်းပပြီးစီးသည်။ **(သတင်းစဉ်)**





**၂၀၀၆ ခုနှစ် အမျိုးသားတံခွန်စိုက် ကရာတေးဒိုပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးသောင်းထိုက်က အဖွင့်အမှာစကားပြောကြားစဉ်။**
(အား/ကာ)

လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ၂၀၀၆ ခုနှစ် အမျိုးသားတံခွန်စိုက် ကရာတေးဒို ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားတွင် ကူညီပံ့ပိုးခဲ့သော မင်္ဂလာတောင်ညွန့်

# အမက ( ၂၉ ) တောင်ဥက္ကလာ ပညာရည်ချွန်ဆုပေးပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၀**

တောင်ဥက္ကလာပမြို့နယ် အမှတ်(၂၉)အခြေခံပညာမူလတန်း ကျောင်းတွင် မိဘဆရာအသင်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နှစ်ပတ်လည်အစည်းအဝေး အလှူငွေပေးအပ်ပွဲနှင့် ပညာရည်ချွန် ဆုပေးပွဲအခမ်းအနားကို နိုဝင်ဘာ ၁၉ ရက်က ကျင်းပရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သာထွန်းနှင့် အတွင်းရေးမှူး ဦးဝမ်နီတို့က ကျောင်းဝင်းအတွင်း ကလေးကစားကွင်း ကွန်ကရစ်ခင်းရာတွင် ကုန်ကျငွေ ကျပ်ငါးသိန်းအား ပေးအပ်လှူဒါန်းရာ ထူးချွန်ဆုရ ကျောင်းသူ ကျောင်းသားလေးများနှင့် အတူ ကျောင်းအုပ်ဆရာကြီး ဦးတင့်လွင်က လက်ခံရယူသည်။



**(အောက်ဝဲပုံ)**

ဆက်လက်၍ အလှူငွေများ ပေးအပ်ရာ စေတနာရှင်မိဘများက အလှူငွေကျပ် ၄၅၃၄၀၀၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့က ဆရာ ဆရာမများနှင့် ဆုရ ကျောင်းသား ကျောင်းသူလေးများအတွက် လက်ဆောင်ပစ္စည်းပေးရန် လှူဒါန်းငွေကျပ် ၂၁၇၅၀၀၊ ကလေးများကစားရန် မြင်းရုပ်နှစ်ရုပ်အတွက် ကုန်ကျငွေကျပ် ငါးသောင်း၊ အောင်အုတ်၊ သဲ၊ ကျောက်ရောင်းဝယ်ရေး ဦးတင်ထွန်း မိသားစုက အလှူငွေကျပ် ငါးသောင်းတို့အား လှူဒါန်းကြောင်း သိရသည်။ **(က-ပ)**



# ပဲခူး ရွှေမော်ဓောစေတီတော် မသိုးသင်္ကန်းရက်ပြိုင်ပွဲ ဆုချီးမြှင့်

ပဲခူး နိုဝင်ဘာ ၈

**ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီးတွင် (၂၅)နှစ်မြောက်ငွေရတု မသိုးသင်္ကန်းရက်ပြိုင်ပွဲကို နိုဝင်ဘာ ၄ ရက်က စေတီရင်ပြင်တော်ပေါ်၌ ကျင်းပသည်။**

အခမ်းအနားတွင် ပြိုင်ပွဲကျင်းပရေးနာယက ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက အဖွင့်အမှာစကား ပြောကြားပြီး ဂေါပကအဖွဲ့ဝင် သီဟသုဓမ္မမဏိဇောတဓရ ဦးငွေရှိန်နှင့် ဂေါပကအဖွဲ့ဝင် ဦးသက်နိုင်တို့က ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်း တင်ပြကြသည်။

ပြိုင်ပွဲဝင်ကြသည့် စင်တော်ငါးစင်အနက် ရာဇဓာတုကလျာ စင်တော်ကိုယ်စားပြုသည့် အောက်စည်တော်အရှေ့ကျေးရွာအသင်းက ပထမဆုကိုလည်းကောင်း၊ ဝိသာခါစင်တော်ကိုယ်စားပြုသည့် သုခကာရီအသင်းက ဒုတိယဆုကိုလည်းကောင်း၊ ဂေါတမီစင်တော် ကိုယ်စားပြုသည့် ပညာရေးမိသားစုအသင်းက တတိယဆုကိုလည်းကောင်း၊ ယသော်ဓရာစင်တော်ကိုယ်စားပြုသည့် တနင်္ဂနွေအသင်းနှင့် ရှင်စောပုစင်တော် ကိုယ်စားပြုသည့် ဘာသာရေး စုပေါင်းအသင်းတို့က နှစ်သိမ့်ဆုများကိုလည်းကောင်း ရရှိကြသည်။

ထို့နောက်ပထမဆုငွေကျပ်တစ်သိန်း၊ ဒုတိယဆုငွေကျပ် ရှစ်သောင်း၊ တတိယဆု ငွေကျပ် ခုနစ်သောင်းတို့ကို တိုင်းမှူး ဗိုလ်ချုပ်ကိုကိုကချီးမြှင့်ပြီး နှစ်သိမ့်ဆုနှစ်ဆုအတွက် ငွေကျပ်ငါးသောင်းစီကို ဂေါပကအဖွဲ့ဝင် သီဟသုဓမ္မမဏိဇောတဓရ ဦးငွေရှိန်နှင့်ဦးသက်နိုင်တို့က ပေးအပ်ချီးမြှင့်ကြသည်။ **(ဝဲပုံ)**

(၁၇၃)

# စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြော အောင်လံမြို့နယ် ကျေးရွာများ၌ကျင်းပ

အောင်လံ နိုဝင်ဘာ ၁၅

**၁၃၆၈ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို နိုဝင်ဘာ ၁၃ရက်ညပိုင်းက မကွေးတိုင်း အောင်လံမြို့နယ် ဇေယျာကျေးရွာတွင် ကျင်းပရာ ဇေယျာရွာ၊ ဆည်လောင်းရွာ၊ ကာမလေးရွာနှင့် မြင်းစုရွာတို့မှ စာပေဝါသနာရှင်များ တက်ရောက်ကြသည်။**

**စာပေဟောပြောပွဲ အခမ်းအနားများတွင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၏ သဝဏ်လွှာကို ကျေးရွာဥက္ကဋ္ဌဦးမြင့်သိန်းက ဖတ်ကြားသည်။ ဆက်လက်၍ စာရေးဆရာများဖြစ်ကြသော မြင်းမူမောင်နိုင်မိုး၊ နန္ဒာမိုးကြယ်၊ အောင်စိုး(တိရစ္ဆာန်ဆေးကုဆရာဝန်)တို့က သုတ၊ ရသစာပေ ရေးရာအဖြာဖြာတို့ကို ဟောပြောခဲ့ကြသည်။**

**နိုဝင်ဘာ ၁၄ရက်တွင် ကျင်းပသည့် အောင်လံမြို့နယ် ညောင်ပင်ဆိပ်ရွာ အခြေခံပညာအထက်တန်းကျောင်း၏ အဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲအပြီး မွန်းလွဲ ၁နာရီက စာပေဟောပြောပွဲအခမ်းအနားကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးတင့်ငွေက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး စာရေးဆရာများက စာပေရေးရာအဖြာဖြာတို့ကို ဟောပြောကြသည်။**

**အလားတူ ညပိုင်းတွင် အောင်လံမြို့နယ် ပြလို့ရွာ မုဒြာစာကြည့်တိုက် (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ဟောပြောခဲ့ကြသည်။**

(က-ပ)

**ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် အောက်တိုဘာ ၂၁ရက်က မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်တွင် ဆောင်ရွက်သော ပျိုးပင်များကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဘုန်းမောင်က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)



# တီးတိန်မြို့၌ ဝန်ထမ်းများ စွမ်းရည်မြှင့်သင်တန်းဖွင့်

**တီးတိန် နိုဝင်ဘာ ၁၅**

ချင်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးတင်အောင်ညွန့်သည် ဖလမ်းခရိုင်ဦးစီးအရာရှိ ဦးမန်းစိန် လိုက်ပါလျက် နိုဝင်ဘာ ၁၀ရက် နံနက် ၉နာရီက တီးတိန်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ရောက်ရှိရာ ရုံးအဆောက်အအုံ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြသမှုများ၊ စာကြည့်တိုက်နှင့် ရုံးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဝန်ထမ်းများ စွမ်းရည်မြှင့် သင်တန်းဖွင့်ပွဲကို ကျင်းပရာ ပြည်နယ် လက်ထောက် ညွှန်ကြားရေးမှူးဦးတင်အောင်ညွန့်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။

ထို့နောက်ပြည်နယ်လက်ထောက် ညွှန်ကြားရေးမှူး၊ ခရိုင် ဦးစီးအရာရှိ၊ တီးတိန်နှင့်ရိခေါဒါရ် မြို့နယ်ဦးစီးမှူးတို့က သင်တန်းဘာသာရပ်များကို ဆွေးနွေး ပို့ချကြသည်။

အဆိုပါသင်တန်းသို့ တီးတိန်နှင့် ရိခေါဒါရ်မြို့နယ် ရုံးဝန်ထမ်း ၁၀ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# အလှူငွေနှင့်စက်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ ဖာပွန်မြို့ အထက်တန်းကျောင်း၌ကျင်းပ

ဖာပွန် နိုဝင်ဘာ ၅

**ကရင်ပြည်နယ် ဖာပွန်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် အလှူငွေနှင့်စက်ပစ္စည်းများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို အောက်တိုဘာ ၂၈ရက် မွန်းလွဲ၂နာရီက အခြေခံပညာအထက်တန်းကျောင်း ခန်းမဆောင်တွင် ကျင်းပသည်။**

အခမ်းအနားတွင် နယ်မြေခံ တပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး တင်မောင်ဝင်းနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်စံသာတို့က အမှာစကား ပြောကြားကြပြီး ငွေကျပ် ၂၁၄၀၈၀၀ တန်ဖိုးရှိ အလှူငွေနှင့် စက်ပစ္စည်းများကို အလှူရှင်များ၏ ကိုယ်စား နယ်မြေခံတပ်ဖွဲ့မှူးက သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းပေးအပ်သည်။

## လက်ခံရယူ

ရေးဦးစွာ ဖာပွန်မြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် မြန်မာ့ကုမ္ပဏီမှကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းတစ်စုံနှင့် ရွှေသံလွင်ကုမ္ပဏီမှ ငွေကျပ် ၁၀၀၀၀၀ ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမြင့်သန်းက လည်းကောင်း၊ ဖာပွန်မြို့နယ် ပြည်သူ့ဆေးရုံကြီးအတွက် မြန်မာ့ကုမ္ပဏီမှ ရုပ်မြင်သံကြားပြစက်နှင့် ဆက်စပ်ပစ္စည်းတစ်စုံကို မြို့နယ်ဆရာဝန် ဒေါက်တာ ဇော်ဝင်းကလည်းကောင်း၊ ရွှေသံလွင်ကုမ္ပဏီမှ ဖာပွန်မြို့အမှတ်(၁) အခြေခံပညာမူလတန်းကျောင်းအတွက် ငွေကျပ် ၁၀၀၀၀၀ ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်လေးလေးခိုင်က လည်းကောင်း၊ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကျေးရွာကိုယ့် အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ရုပ်မြင်သံကြားပြစက်၊ ကက်ဆက်နှင့် ရေဒီယိုများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဓာတ်ပုံကျွမ်းကျင်(၂) ဦးသိန်းစိုးမြင့် ကလည်းကောင်း၊ ဖာပွန်တပ်နယ် အတွက် ပရင်တာတစ်လုံးကို ဗိုလ်မှူး အောင်နိုင်ဦးကလည်းကောင်း၊ အားကစားဆု ပေးနိုင်ရေးအတွက် နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီး တင်မောင်ဝင်းက အား/ကာတာဝန်ခံ ဦးစိုင်းနီအောင်သို့လည်းကောင်း၊မီးသတ်အဆောက်အအုံအတွက် မြို့နယ်ပြည်သူများက ငွေကျပ် ၃၂၀၈၀၀ ကို တပ်ကြပ်ကြီးဌေးအောင်ကလည်းကောင်း လက်ခံရယူကြသည်။

**(မြို့နယ် ပြန်/ဆက်)**

**သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ပြသန့်ရှင်းသာယာလှပရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၆ရက်က ဈေးမိဈေးဖများနှင့်အဖွဲ့ဝန်ထမ်းများ စုပေါင်း၍ဈေးတွင်း ဈေးပြင်သန့်ရှင်းရေးဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိဦးသန်းနိုင် ကြီးကြပ်ပေးစဉ်။**

(မြို့နယ် ပြန်/ဆက်)



**ဖျာပုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ဦးစီးမှူး ဒေါ် တင် မြိုင် နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များနိုဝင်ဘာ၁၀ရက်က စည်ပင်သာယာဈေးကြီးတွင်သီးနှံများ လတ်ဆတ်မှု ရှိ၊ မရှိ စစ်ဆေးကြစဉ်။** (၁၅၈)



# အမြို့မြို့ အနယ်နယ် သတင်းများ

**ရေနေသယံဇာတများ မျိုးထိန်းသိမ်းရန်နှင့် ကျောက်ပုစွန်မျိုး ပြုန်းတီးမှုကို ကာကွယ်ရန်အတွက် သံဖြူဇရပ်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးလှမင်းဇော်၊ ဒုတိယဦးစီးမှူး ဦးဇော်မင်းနိုင်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့များစုပေါင်း၍ အောက်တိုဘာ ၁၉ရက်က ကျောက်ပုစွန် ကောင်ရေ ၁၃၀ကို မျိုးပြုန်းတီးမှုမှကာကွယ်ရန်အတွက် ပင်လယ်ပြင်သို့ စနစ်တကျ ပြန်လည်လွှတ်ပေးစဉ်။**

(မြို့နယ် ငါးဦးစီး)



# မြန်မာ့အသံ နားဆင်ခရာ

**၁၃၆၈ခုနှစ် နတ်တော်လဆန်း ၃ရက်**
**၂၂-၁၁-၂၀၀၆**
**(ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇း၀၀ တရားတော်(ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဗောဇ္ဈင်္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်ဆုရရှိသူများနှင့် ဆွေးနွေးခန်း)

၁၂း၀၀ ယဉ်ကျေးမှုအနုပညာ (စာပေရာသီခါတော်မီ-ဒေါ်စောမုံညင်း)

၁၂း၂၅ သူ့အတွေးနှင့် သူ့အရေး (ပညာရှိနှင့် ပညာတတ်) (ဆင်ဖြူကျွန်းမြင့်သိန်း)

၁၂း၃၅ သီချင်းကြီးပဒေသာ
- (၁) ခွန်းထောက်အဆချီ မှုံပြာဝေယိုးဒယားသံဆန်း (စောင်း/ကပစ ရဲဘော်ဝင်းမောင်)
- (၂) ဆယ်ဆယ်ရောင်ဒိန်းသံ (ခိုင်သန့်ဇင်)
- (၃) နန်းသပြေပင်ညွန့်အစချီ တေးထပ် (အောင်လံသန်းဆွေ)

**ညနေပိုင်း**

၁၇း၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
- (၁) နမလက်လျှော့နေလေတော့ (တွံတေးသိန်းတန်)
- (၂) မောင့်အချစ်မြား (ပိုးအိစံ)
- (၃) တိမ်စွန်လေလျှင် ဖူးရောက်ချင်သည် (မောင်မောင်ညွန့်)

၁၇း၃၀ အစာနှင့် အာဟာရ (မုန့်ဆန်းနှင့် ဆတ်နံ့ကျို)

၁၇း၄၅ သူ့လက်သံ (ဦးချစ်ဖေ၏ပုလွေသံ)

၁၈း၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
- (၁) အကောင်းကံချစ်မှ အချစ်ကံကောင်းမယ် (အရှင်ဆန္ဒာဓိက-ရွှေပါရမီတောရ)
- (၂) မြတ်ဆရာသို့ ကန်တော့ပန်း (လှစိုးမိုး-စီမံကိန်း)

၁၉း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (ဂျူပီတာတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် မြတ်နိုးခြင်းမိုးတိမ်တေးစီးရီး)

၂၀း၄၀ ခံစားနားဆင် မြန်မာတေးသံစဉ်
- (၁) အိပ်မက်ပေးလို့ ချစ်ရေးဆိုသလား (လီလီကြာညွန့်)
- (၂) ခက်ခက်ကိုမှ လိုချင်တယ် (စန္ဒရားချစ်ဆွေ)
- (၃) နှစ်ကံပြိုင်ဖူးစာ (မဥ္ဇူသင်း)




## မီးစက်ရောင်းရန်ရှိသည်

လက်ရှိအသုံးပြုနေသော
375 KVA Denyo
မီးစက်(၁)လုံး အမြန်ရောင်းမည်
ဆက်သွယ်ရန်ဖုန်း– ၂၉၉၄၉၉
၀၉–၅၀၀– ၄၃၆၃။



## ကန့်ကွက်နိုင်ပါသည်

ယာဉ် မတလ/၁၁၁၅၉၅ KENBO 110လက်ဝယ်ရှိသူဦးသိန်းအောင်က စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ၁၅ရက်အတွင်း အောက်ပါရုံးသို့ကန့်ကွက်နိုင်ပါသည်။ **ကညနရုံး၊(နေပြည်တော်)။**



## ကန့်ကွက်နိုင်ပါသည်

မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ၊ မြေတိုင်းရပ်ကွက် ၁၁/၂ မြေကွက်အမှတ်–၄၄၅ (အမည်ပေါက် ဦးဇော်မင်း)ကို မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန၊ မြေနှင့်အခွန်ဌာနခွဲ၊ မြေယာရုံးခွဲ(၅)တွင် အိမ်ရာဆောက်လုပ်နေထိုင်ခွင့် စာရင်းသွင်းထုတ်ယူမည်ဖြစ်ပါ၍ (၇)ရက်အတွင်း ကန့်ကွက်လိုပါကကန့်ကွက်နိုင်ပါသည်။

**ဒေါ်သန်းသန်းအေး**
**၁၂/ဥကမ(နိုင်)၀၇၆၈၉၉**
**အမှတ်–၂/၇၈၄၊**
**သုဓိတာ(၁၀)လမ်း၊**
**မြောက်ဥက္ကလာပ။**



## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် မြေတိုင်းရပ်ကွက် အမှတ်(၄၅) လူနေရပ်ကွက် သမိုင်းမြေကွက် အမှတ်–၁၊ ခ/၇၆အေ ဇရိယာအကျယ် ၀ဒသမ၁၈၄ဧက နှစ်(၆၀)ဂရန် မြေကွက်တည်ရှိရာ မရမ်းကုန်းမြို့နယ်(၅)ရပ်ကွက် ရွှေနှင်းဆီ(၅)လမ်း၊ အမှတ် (၁၁၁၇)ဟု ခေါ်တွင်သော မြေအကျယ်အဝန်း အလျား–၉၂ပေ x အနံ ၈၅ပေ/၉၁ပေရှိသည့် မြေအနက် အိမ်မကြီး၏ လက်ယာဘက်ခြမ်းရှိ မခွဲစိတ်ရသေးသော မြေအကျယ်အဝန်း $\frac{၃၉ပေ X ၁၆ပေ}{၃၂ပေ X ၇၅ပေ}$ မြေနှင့်မြေပေါ်ရှိ (ဘီအန် ၁ $\frac{၃}{၂}$ ပေခွဲ) ပျဉ်ခင်း၊ မီတာ ရေအပါအဝင် အကျိုးခံစားခွင့်များအားလုံးတို့ကို လက်ရှိအမည်ပေါက် ပိုင်ဆိုင်သူထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါလျှင် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့် အထောက်အထားဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆုံးခန်းတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

**ရှေ့နေ ဦးခင်ဇော်(မရမ်းကုန်း)**
**၁၊ နဂါးရုံဘုရားလမ်း၊ မြို့နယ်တရားရုံးရှေ့၊(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။**
**ဖုန်း–၆၅၀၅၆၇၊ ၀၉၅၁–၈၁၁၈၅။**



## ဝန်ထမ်းအလိုရှိသည်

**(ပြည်တွင်း၌သာခန့်ထားရန်)**

| | | | |
|---|---|---|---|
| ၁။ **Marketing & Documentation** | (ဘွဲ့ရ) | ကျား/မ | (၁) ဦး |
| ၂။ **Receptionist** | (ဘွဲ့ရ) | မ | (၁) ဦး |
| ၃။ **Manager** (ငါး/ပုစွန်မွေးမြူရေးဆိုင်ရာ) | (ဘွဲ့ရ) | ကျား/မ | (၁) ဦး |
| ၄။ ယာဉ်မောင်း | (၁၀ တန်းအောင်) | ကျား | (၄) ဦး |

အထက်ပါရာထူးအားလုံးအတွက် လုပ်ငန်းအတွေ့အကြုံများပြီး အရည်အချင်းရှိသူကို ဦးစားပေးမည်။ ရွေးချယ်ခြင်းခံရသော လျှောက်လွှာရှင်များအား ကုမ္ပဏီမှအကြောင်းကြားပေးမည်။ နယ်မှဖြစ်ပါက နေရေး/စားရေး တာဝန်ယူသည်။ အမှတ်စဉ်(၁)နှင့် (၂)အတွက် **Ferry** စီစဉ်ပေးမည်။ လျှောက်ထားသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဓာတ်ပုံ(၂)ပုံ၊ နိုင်ငံသား မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်း ထောက်ခံစာမူရင်း၊ သက်ဆိုင်ရာစာရွက်စာတမ်းများနှင့် မျှော်မှန်းလစာတို့ကို စာတိုက်သေတ္တာ အမှတ်(၉၇၉) (သို့) အောက်ပါလိပ်စာသို့ ကြော်ငြာပါသည့်ရက်မှ နှစ်ပတ်အတွင်း လျှောက်ထားနိုင်ပါသည်။

**အဏ္ဏဝါလွှမ်းကုမ္ပဏီလီမိတက်**
**အမှတ် ၅၈၄၊ လှိုင်မြစ်ကမ်းလမ်း၊ (၁၀)ရပ်ကွက်၊**
**စက်မှုဇုန်အပိုင်း(၆)၊ (၁၁၄၀၁) လှိုင်သာယာမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း– ၇၂၆၈၅၂၊ ၇၂၇၈၄၂။**




# စမ်းကြီးလှုငယ်သင်တန်းကျောင်းနှင့် ဂေဟာတို့သို့ မွန်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ငွေလှူဒါန်း

**မော်လမြိုင် နိုဝင်ဘာ ၂၀**

မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မြင့်မြင့်စိုးနှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ငြိမ်းငြိမ်းထိုက်တို့အဖွဲ့သည် အောက်တိုဘာ ၂၀ရက်က မော်လမြိုင်မြို့နယ် စမ်းကြီးလှုငယ်သင်တန်းကျောင်းသို့သွားရောက်၍ မိဘမဲ့ ကျောင်းသား၅၀တို့အား ဝတ်စုံအထည်၅၀နှင့် ဆန်၊ ဆပ်ပြာ၊ သွားတိုက် ဆေး၊ ဟင်းချိုမှုန့်နှင့်အုန်းဆီတို့ကို ထောက်ပံ့လှူဒါန်းပြီး **(အပေါ်ပုံ)** ညစာကိုပါ လှူဒါန်းကြသည်။

**__ပေးအပ်လှူဒါန်း__**

ထို့နောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယကနှင့်အဖွဲ့သည် အမျိုးသမီးစောင့်ရှောက်ရေးဂေဟာသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး အလှူငွေကျပ်တစ်သောင်းငါးထောင်နှင့် ဝတ်စုံများကိုလည်းကောင်း၊ မော်လမြိုင်မြို့ရှိ မဟာမြတ်မုနိ မွှေရုံ၌ဖွင့်လှစ်ထားသော အခမဲ့ပညာဒါန အင်္ဂလိပ်စာသင်တန်းသို့ သွားရောက်ကြပြီး အလှူငွေကျပ် လေးသောင်းငါးထောင်နှင့် ဆရာမများအတွက် အထွေထွေထောက်ပံ့မှုများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ထားဝယ်မြို့၌ နွေစပါးစိုက်ဧက တိုးမြှင့်နိုင်ရေး မြောင်းမကြီးများ စက်ယန္တရားများဖြင့် တူးဖော်

**ထားဝယ် နိုဝင်ဘာ ၅**

ထားဝယ်ခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီး ခင်မောင်ညို၊ ထားဝယ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နေထွန်းနှင့် အဖွဲ့ဝင်များသည်အောက်တိုဘာ၂၉ရက်မွန်းလွဲ ၂နာရီခွဲက ထားဝယ်မြို့နယ် ကျန်းမာရေးလမ်းတွင် နွေစပါးစိုက်ဧက တိုးမြှင့်နိုင်ရေး၊ လက်ဝဲမြောင်းနှင့် လက်ယာမြောင်းမကြီးကို စက်ယန္တရားများဖြင့် တူးဖော်ရေးလုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းခွင်နှင့် ပတ်သက်၍ ထားဝယ်မြို့နယ်အနေဖြင့် နွေစပါးစိုက်ဧက တိုးမြှင့်နိုင်ရေးအတွက် ဆည်ပိတ်ချက် ၃၀ချက်ဖြင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်မည်ဖြစ်သည်။

ယခုဖောက်လုပ်လျက်ရှိသည့် တူးမြောင်းများသည် စိုက်ဧက ၆၉၀ကို အကျိုးပြုမည်ဖြစ်ကြောင်းနှင့် ယခုနှစ်နွေစပါးရာသီတွင် ထားဝယ် မြို့နယ်အနေဖြင့် နွေစပါးစိုက်ဧက ၅၃၆၅ ဧက စိုက်ပျိုးသွားမည် ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌက ဆည်ပိတ်ချက်များမှရရှိသည့်ရေအရင်းအမြစ်များကို အလေအလွင့်မရှိ၊ အကျိုးရှိအောင် အသုံးချသွားရန်နှင့် နွေစပါးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး တောင်သူများနှင့်သက်ဆိုင်ရာဌာနများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**(က–ပ)**

ကျုံပျော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်သောပိတောက်ရွှေဝါလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ၇ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်အောင်တို့က လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



# ကြေးပိဋကတ်တော်ပြုလုပ်ရန် ငွေများလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၂၀**

ဘုရားဟော ဝိနည်းပိဋကတော်ကျမ်းစာအုပ်များကို ကြေးပိဋကတ်ပြုလုပ်ပြီးစီးသွားပြီဖြစ်၍ အဘိဓမ္မာပိဋကဝင် ဓမ္မသင်္ဂဏီပါဠိတော်ကျမ်းအတွက်ဦးဆောင်ဆရာတော်ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ) အရှင်သူမြတ်ထံလှူဒါန်းကြသော ဒုတိယဗိုလ်မှူးကြီးစိန်သန်း–ဒေါ်နော်ရှယ်လီသိန်းမိသားစု အမှတ် ၂၇ အောင်သိဒ္ဓိလမ်း ၃ရပ်ကွက် မရမ်းကုန်းမြို့နယ်က ကြေးပြား ကိုးချပ်၊ ဦးရဲသူ–ဒေါ်ယဉ်ယဉ်အောင် မိသားစု အမှတ်၃၇(ဘီ)၊ ၆၅ x ၆၆ လမ်းကြား မန္တလေးမြို့က ကြေးပြား ရှစ်ချပ်၊ ဒေါ်မြင့်သွယ်မိသားစု အမှတ် ၃၄(အေ)၊ အင်းလျားမြိုင်လမ်း ကမာရွတ်မြို့နယ်က ကြေးပြား ခြောက်ချပ်၊ ဦးချိန်ဟိုက်–ဒေါ်လှမြတ်တို့အား ရည်စူး၍ သမီး ဒေါ်ကြည်လွင် အမှတ်၈၃ ( ပထမထပ်) ၉၂လမ်းကန်တော်ကလေးမင်္ဂလာတောင်ညွန့်က ကြေးပြားငါးချပ်၊ ကွယ်လွန်သူ ဦးမောင်မောင်ခင်အားရည်စူး၍ မိသားစုက ကြေးပြားငါးချပ်၊ ဦးကိုကိုကြီး–ဒေါ်မာမာဦး မိသားစု အမှတ်၇ရပ်ကွက် သာစည်မြို့က ကြေးပြားငါးချပ်၊ ဒေါ်အေးအေးဖံအား ရည်စူး၍ ဦးဘသောင်း–ဒေါ်ကြည်ကြည်ဖံ၊ သမီး မမိုးနှင်းဝေ၊ သားမောင်စိုးငြိမ်းဦး၊ မောင်ရဲအောင်ဖံ မိသားစု အမှတ်၁၄၀၊ ၄၆လမ်း ဗိုလ်တထောင်မြို့နယ်က ကြေးပြားငါးချပ်၊ နှစ်ဖက်သောမိဘများ အားရည်စူး၍ မိခင်ကြီး ဒေါ်စုစုတင်နှင့် ဦးထွန်းဝင်း–ဒေါ်မိုးစန္ဒာ၊ သမီး မအိသံသာဟန် မိသားစု အမှတ် ၃၅၅ ဦးဝိစာရလမ်း စမ်းချောင်းမြို့နယ်က ဓမ္မသင်္ဂဏီကျမ်းစာအုပ် ကြေးပိဋကတ်တော် ထည့်ရန် ကြေးသေတ္တာအတွက် အလှူငွေကျပ် တစ်သိန်းတို့ကို လှူဒါန်းကြသည်။

အလှူရှင်များ လှူဒါန်းလိုပါက ကြေးပြားတစ်ချပ်လျှင် အလှူငွေကျပ် နှစ်သောင်းနှုန်းဖြင့် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ မင်္ဂလာတိုက်ကျောင်း ကျောင်းတော်ရာရွှေကျင်တိုက်ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ် ဖုန်း–၅၄၈၈၀၅သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က–ပ)**

## စုပေါင်းစိုက်ပျိုး

**စဉ့်ကိုင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစိုးလွင်၊မြို့နယ်အမှုဆောင်အရာရှိ ဦးအေးမင်းနိုင်နှင့် ဝန်ထမ်းများ၊ကုန်းနီရွာမှ ရွာသူရွာသားများ၊ ကျေးရွာလူမှုရေးအဖွဲ့အစည်းများ စုပေါင်း၍ အောက်တိုဘာ၁ရက်က ကြက်ဆူပင်များ စိုက်ပျိုးကြစဉ်။**

(မြို့နယ်စည်ပင်)



# မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာပေး အမူအကျင့်ပြောင်းလဲရန် ဆရာဖြစ်သင်တန်းဆင်း

**လက်ပံတန်း အောက်တိုဘာ ၂၀**

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာပြည်သူများအတွင်း အသိပညာပေးခြင်းနှင့် အမူအကျင့်ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်း ဆင့်ပွားဆရာဖြစ်သင်တန်းအမှတ်စဉ်(၁/၂၀၀၆)ဆင်းပွဲကို စက်တင်ဘာ၂၂ရက် မွန်းလွဲ၁နာရီက မြို့နယ်စိုက်ပျိုးရေးခြံ သုတေသနရုံးခန်းမတွင် ကျင်းပသည်။

**__ရှင်းလင်း__**

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဌေးကြည်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

**__ကြားမြင့်__**

အဆိုပါအခမ်းအနားသို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာမြင့်ခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**


## သက်တမ်းရှည်ကြာ သက်ရှိရတနာ ပင်လယ်လိပ်မျိုးထိန်းသိမ်းပါ




**ပင်လယ်လိပ်မျိုးထိန်းသိမ်းရေးနှစ် (၂၀၀၆) ခုနှစ်**

**Year of the Turtle 2006**

**မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း မိုင်းခုတ်တပ်နယ်ရှိ အရာရှိ၊ စစ်သည်မိသားစုများအတွက် ကြက်သွန်၊ အာလူးနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်စဉ်။ (သတင်းစဉ်)

# ဒေသဝမ်းစာပြည့်လုံမှု အရှိန်အဟုန်မပျက် ဆက်လက်ကြိုးပမ်းစိုက်ပျိုး နိုင်ငံတော်အကျိုး၊ ဒေသအကျိုးကိုရှေးရှုပြီး ဒေသဖွံ့ဖြိုးရေးတာဝန်များ ပြည့်ထောင်စုစိတ်ဓာတ်အပြည့်ဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းထမ်းဆောင်



**နေပြည်တော် နိုဝင်ဘာ ၂၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြအောင်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါ၍ နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် ကျိုင်းတုံမြို့မှ မော်တော်ယာဉ်များဖြင့် ကျိုင်းတုံ-မိုင်းခွန်-မိုင်းခုတ်လမ်းအတိုင်း ထွက်ခွာလာပြီး မိုင်းခွန်ရှိ နယ်မြေခံတပ်များမှ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးထားရှိမှုနှင့် အောင်မြင်ဖြစ်ထွန်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ခြံစည်းရိုး ကြက်ဆူပင်မှ ဇီဝလောင်စာဆီ၊ စက်သုံးဆီထုတ်လုပ်နိုင်ရေးအတွက် တာဝန်ရှိသူများအား မှာကြားသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တိုင်းမှူးနှင့်အဖွဲ့ဝင်များနှင့်အတူ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာပြီး ကျိုင်းတုံ-မိုင်းခွန်-မိုင်းခုတ်လမ်း၌ ကျောက်များခင်းပြီးမှု၊ လမ်းအကျယ်များတိုးချဲ့ထားရှိမှု၊ ရေပြွန်များ၊ တံတားများ၊ မြေထိန်းနံရံများ တည်ဆောက်ပြီးစီးမှုနှင့် လမ်းဘေးဝဲယာတစ်လျှောက်၌ ရေနုတ်မြောင်းများ ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့နယ် နမ်အင်းကျေးရွာအုပ်စု အာမုဒေကျေးရွာရှိ ၂၅ မိုင် ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီး ဦးသောင်းဌေးနှင့် အေးရှားဝေါ(လ်)ကုမ္ပဏီမှ စီမံကိန်းဒါရိုက်တာ ဦးတင်မျိုးနိုင်တို့က ၇၄ မိုင်ရှိ *စာမျက်နှာ ၆ ကော်လံ ၁* ✻

# နိုင်ငံတော်က ချမှတ်ပေးထားသည့် စီမံကိန်းရည်မှန်းချက်များ ပြည့်မီအောင်ကြိုးပမ်း ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ရေး ကွင်းဆင်းဆောင်ရွက် စက်မှုလယ်ယာ ဖွံ့ဖြိုးတိုးတက်ရေး နည်းစနစ်များ ပိုမိုကောင်းမွန်အောင် ကြိုးပမ်းလုပ်ကိုင်





**နေပြည်တော် နိုဝင်ဘာ ၂၀**

ဧရာဝတီတိုင်း ဘိုကလေးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် ဘိုကလေးမြို့ဆိပ်ကမ်းမှ ရေယာဉ်ဖြင့် ဘိုကလေးမြစ်တစ်လျှောက် ကုန်စည်ပို့ဆောင်ရေးနှင့် ခရီးသွားလာမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ နံနက် ၉ နာရီတွင် မော်လမြိုင်ကျွန်းမြို့သို့ ရောက်ရှိသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်ကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်ဌာနဆိုင်ရာများအား တွေ့ဆုံသည်။ *စာမျက်နှာ ၅ ကော်လံ ၁* ❒

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ဝါးခယ်မ-ပုသိမ်လမ်း၌ ကျွန်းကုန်းတံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)